EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၀၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၁၃) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” (ဧပြီ ၆ - ဧပြီ ၂၆၊ ၂၀၁၈)



# အစီအစဉ်သစ်တွေနဲ့ အစိုးရအသစ်ရဲ့ အတာသင်္ကြန်



စာ - ၂ သို့ »

၂၀၁၇ မြစ်ကြီးနားအတာသင်္ကြန်ပွဲတော်မြင်ကွင်း

ဓါတ်ပုံ - ဧည့်ထွေး(မြစ်ကြီးနား)

## မြစ်ကြီးနားက ရွှေဆိုင်လုယက်မှု ဖြစ်စဉ်အမှန်



စာ - ၆ သို့ »

## ၂၁ ရာစုပင်လုံသို့ မြောက်ပိုင်းအဖွဲ့အနေဖြင့် KIO တက်ရောက်မည်

စာ - ၄ သို့ »

## ဆက်ကြေးတောင်းခံနေသည့်စာများမှာ မိမိတို့ပေးပို့သည့် စာအမှန်ဟုတ်/မဟုတ် အတည်မပြုနိုင်ဟု ကေအိုင်အိုပြော

## မြစ်ကြီးနားမှာ တစ်ကိုယ်တော် ဆန္ဒလာပြတဲ့ ဖားကန့်ဒေသခံ ကိုထွန်းထွန်း

စာ - ၃ သို့ »

MORNING STAR COMPUTER TRAINING CENTER

ကွန်ပျူတာ ပြုပြင်
မိတ္တူ ကွန်ပျူတာ စာစီ/စာရိုက်
ဓိတ်စာအမျိုးမျိုး လိပ်စာကဒ်
ပလတ်စတစ်ကဒ်လောင်း

CD/ DVD cover design
vinyl ဆိုင်းဘုတ်ဒီဇိုင်း နှင့်
ဘောက်ချာများကိုလည်း
လူကြီးမင်းတို့ စိတ်တိုင်းကျ
လုပ်ဆောင်ပေးနေပါသည်

Available Course

- Microsoft Essential Course
- Adobe Photoshop
- Adobe InDesign
- Adobe Illustrator
- Sound Editing
- AutoCAD
- Programming
- Photoshop For Fashion Designer
- Advance Excel
- A+
- Networking
- Video Editing
- Web Design
- Data Base
- Book Keeping

ဝါရင့် ကျွမ်းကျင်ဆရာများ
ကိုယ်တိုင် ဦးစီး၍
လက်တွေ့သင်ခန်းစာများဖြင့်
သင်ကြားပို့ချပေးနေပြီး

Professional တစ်ဦးအဖြစ်
ရပ်တည်လိုသူများ၊
ရန်ကုန်၊ မန္တလေးသွားရန်မလို
မိမိနေရပ်တွင် သင်ကြားနိုင်ပြီး


contact address - DK (458), Duka Htawng, Myitkyina Ph: 09 - 420085928, 09 -258645302, 09-793761804, Email: morningstar2002@gmail.com

မြစ်ကြီးနားသတင်းဂျာနယ်
(ဧပြီ ၆ - ဧပြီ ၂၆၊ ၂၀၁၈)

# အစီအစဉ်သစ်တွေနဲ့ အစိုးရအသစ်ရဲ့အတာသင်္ကြန်

**မကြာမီကျရောက်တော့မယ့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်မှာ ကချင်ပြည်နယ်ရဲ့မြို့တော် မြစ်ကြီးနားမှာ အစီအစဉ်အသစ်တွေနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမယ်လို့ သိရပါတယ်။**





မကြာမီ ကျရောက်မည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်အစီအစဉ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာပုသိမ်ထီးများဖြင့် အလှဆင်သွားမည်ဖြစ်သည်

ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

## လမ်းလျှောက်သင်္ကြန်

လမ်းလျှောက်သင်္ကြန်ကို ကမ်းနားလမ်းဘေးမှာရှိတဲ့ စည်ပင်သာယာရေးရုံးရှေ့ (ဇော်ဂျွန်းလမ်း)ကနေပြီးတော့ ပြည်သူ့အားကစားကွင်းအထိ ဆင်နွှဲရမှာပါ။ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ကို ထိန်းသိမ်းနိုင်ဖို့အတွက် လုပ်တာဖြစ်တယ်လို့ဆိုပါတယ်။ လမ်းတစ်လျှောက်မှာလည်း စတုဒိသာမဏ္ဍပ်တွေရှိမှာဖြစ်လို့ သင်္ကြန်ရေစိုစိုနဲ့ ဗိုက်ဆာလာရင် ဝင်ရောက်စားသောက်နိုင်မှာပါ။ လမ်းဘေးတွေမှာ ရေကစားနိုင်ဖို့လည်း ထားရှိပေးထားမယ်လို့လည်း ဆိုပါတယ်။ ထူးခြားမှုတစ်ခုအနေနဲ့ လမ်းလျှောက်ရေကစားတဲ့ပြည်သူတွေ အပူဒဏ် အနည်းငယ်သက်သာအောင် လမ်းမကြီးရဲ့အပေါ်မှာ မြန်မာ့ရိုးရာပုသိမ်ထီးလေးတွေကို စီတန်းပြီး ကြိုးနဲ့ချိတ်ဆွဲလို့ မိုးကာပေးထားတယ်လို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးဝင်းနိုင်က မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောပြထားပါတယ်။

## အဝိက မဏ္ဍပ်ကြီး ၄ ခု

မဏ္ဍပ်ကြီးတွေမှာ မြန်မာ့ရိုးရာအတာသင်္ကြန်ရဲ့ ယိမ်းအက၊ အလှတွေကို တွေ့မြင်ကြရမှာဖြစ်ပြီး နိုင်ငံကျော်အဆိုတော်တွေနဲ့ ကချင်ပြည်နယ်က အနုပညာရှင်တွေလည်း သီဆိုဖျော်ဖြေကြမှာပါ။ ဒီမဏ္ဍပ်တွေကတော့ ပြည်နယ်ပညာရေးမှူးရုံးရှေ့မှာ ပဟိုမဏ္ဍပ်တစ်ခု၊ အထက(၁) ဒေါင့်မှာ တိုင်းရင်းသားမဏ္ဍပ်တစ်ခု၊ ရဲမင်းကြီးအိမ်ဒေါင့်မှာ ဆောက်လုပ်ရေးမဏ္ဍပ်တစ်ခုနဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှာ မဏ္ဍပ်တစ်ခုတို့ပဲ ဖြစ်ပါတယ်။ ဌာနဆိုင်ရာတွေကတော့ ရေကစားမဏ္ဍပ်နဲ့ ယိမ်းအဖွဲ့တွေလောက်ပဲထွက်ကြမှာဖြစ်တယ်လို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းဝင်းထိက သိရပါတယ်။

## ယိမ်းအလှမယ်

ဒီနှစ်မှာတော့ အကပြိုင်ဖို့ ယိမ်းအဖွဲ့တွေ စာရင်းပေးမယ်ဆိုရင် မြစ်ကြီးနားတက္ကသိုလ်မှာ သွားရောက်စာရင်းပေးသွင်းရမှာပါ။ အနည်းဆုံး ယိမ်းအဖွဲ့နှစ်ဆယ်လောက်တော့ ရှိနိုင်တယ်လို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းဝင်းက ဆိုပါတယ်။

## ကားခတွေဈေးမတက်ဘူး

ဟိုအရင်နှစ်တွေတုန်းကဆိုရင် သင်္ကြန်နားနီးတာနဲ့ ကားခတွေဈေးတက်လေ့ရှိပါတယ်။ ဒီနှစ်တော့ ဈေးတက်လို့မရတော့ပါဘူး။ အရေးယူမှာပါ။ သတ်မှတ်ထားတဲ့ဈေးတွေထက် ကျော်လွန်ပြီးတော့ ကာခပိုပေးရရင် ကားကြီးဝင်းထဲက အဝေးပြေးကားလိုင်းတွေကိုထိန်းချုပ်တဲ့ ယကတရုံးမှာ သွားရောက်တိုင်ကြားနိုင်ပါတယ်။ စည်းကမ်းဖောက်ဖျက်တဲ့ ယာဉ်အသင်းတွေကို အရေးယူမယ်လို့ ပြည်နယ် ယကတဥက္ကဋ္ဌဦးအေးဇော်ဇော်က ပြောပါတယ်။

## လုံခြုံရေး

အများသူငါ လည်ပတ်မှုအများဆုံးရှိတဲ့ နေရာတွေမှာ သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီးတော့ လုံခြုံရေးလုပ်ဆောင်သွားမယ်လို့ သိရပါတယ်။ လူအများသွားလာတဲ့ မြစ်ဆုံ၊ အောင်မြင်သာ၊ ဝါးရှောင်၊ နမ္မတီးချောင်းသာ အစရှိတဲ့နေရာတွေမှာ လုံခြုံရေးတွေ တင်းကြပ်သွားမှာဖြစ်တယ်လို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးမျိုးသူရနောင်က မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောပြပါတယ်။ မဏ္ဍပ်အတွင်းနဲ့ အပြင်တွေမှာလည်း လုံခြုံရေးတွေကို ချထားပေးမယ်လို့လည်းဆိုပါတယ်။

## ယာဉ်စည်းကမ်းတွေကို ဘယ်လိုလိုက်နာကြမလဲ

ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီက သင်္ကြန်အတွင်းမှာ လိုက်နာရမယ့် စည်းကမ်းချက် ၁၀ ချက်ကို ရပ်ကွက်တွေမှာ Loudspeaker တွေနဲ့ လိုက်လံပြီး အသိပေးကြေညာနေပါပြီ။ အရက်သေစာ မူးယစ်သောက်စားပြီး ယာဉ်မောင်းတာတွေ၊ အပျော်လွန်ပြီး စည်းမဲ့ကမ်းမဲ့ ပြိုင်မောင်းတာတွေ၊ လူမောင်းတာတွေ၊ အိတ်ဇောပိုက် ဖြုတ်မောင်းတာတွေ တားမြစ်ထားပါတယ်။ နောက်ပြီးတော့ လမ်းပြောင်းပြန်မောင်းတာတွေ သတ်မှတ်တဲ့လူဦးရေထက် တင်ပြီးမောင်းတာတွေ၊ ယာဉ်နံပါတ်ပြားမပါတာတွေ၊ အတုပြုလုပ်တာတွေ၊ အခြားယာဉ်နံပါတ်တပ်ဆင်တာတွေ၊ ယာဉ်ဘေးတံခါးနဲ့ နောက်ဖုံးဖြုတ်မောင်းတာတွေ၊ ယာဉ်မောင်းလိုင်စင်နဲ့ ယာဉ်မှတ်ပုံတင်မပါတာတွေ၊ ဖျက်သိမ်းထားတဲ့ ယာဉ်အိုယာဉ်ဟောင်းနဲ့ ပြုပြင်ဆဲယာဉ်တွေ အပျော်သဘောနဲ့ လူလယ်ခေါင်မှာ မောင်းနှင်တာတွေကို မပြုလုပ်ဖို့ သတိပေးထားပါတယ်။ နောက်ဆုံးအချက်ကတော့ နိုင်ငံတကာအလံတွေ တပ်ဆင်မောင်းနှင်တာတွေကိုလည်း ကန့်သတ်ထားပါတယ်။ ကျူးလွန်ရင်တော့ တည်ဆဲဥပဒေများနဲ့အညီ ထိထိရောက်ရောက် အရေးယူသွားမယ်လို့ ကြေညာထားပါတယ်။

## ထိခိုက်ဒဏ်ရာရရှိခဲ့ရင်

သင်္ကြန်ကာလအတွင်းမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့လျှင် အချိန်မီကုသသွားနိုင်ဖို့အတွက် လူနာတင်ယာဉ်တွေ၊ ဆေးပစ္စည်းတွေကို ပဟိုမဏ္ဍပ်နဲ့ အစိုးရရုံးတွေမှာ အသင့်ထားရှိပေးထားမယ်လို့ ဆိုပါတယ်။ ပြည်နယ်ကြက်ခြေနီအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ဒဏ်ရာပြင်းထန်တဲ့လူနာတွေဆိုရင် ပြည်နယ်ဆေးရုံမှာ ချက်ချင်းကုသနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားတယ်လို့ ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးဒေါက်တာကျော်စိုးက မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောပြပါတယ်။

## မနှစ်ကအတွေ့အကြုံ

မနှစ်က သင်္ကြန်ကာလမှာ မြန်မာနိုင်ငံမှာ မှုခင်းဖြစ်ပွားမှုစုစုပေါင်း(၁၂၀၀)မှု၊ သေဆုံးသူ(၂၈၅)ဦး၊ ထိခိုက်ဒဏ်ရာရသူ(၁၀၇၃)ဦးရှိခဲ့လို့ ဒီနှစ်သင်္ကြန်မှာ အန္တရာယ်ကင်းစွာ လည်ပတ်နိုင်ကြစေဖို့ မိဘများရော သားသမီးများပါ မမေ့လျော့စေချင်ပါဘူး။

စည်သူ(မြစ်ကြီးနား)

# မြစ်ကြီးနားမှာ တစ်ကိုယ်တော်ဆန္ဒလာပြတဲ့ ဖားကန့်ဒေသခံ ကိုထွန်းထွန်း


မြစ်ကြီးနားတရားလွှတ်တော်ရုံးရှေ့ တစ်ကိုယ်တော်ဆန္ဒပြနေသူ ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

ဧပြီ ၂

ဖားကန့်မြို့နယ်၊ လုံးခင်းရပ်ကွက် (၅)၊ အောက်ချိုင့်ရပ်ကွက်ရှိ အိမ်ခြေသုံးဆယ်ခန့်၏ မြေနေရာကို ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများက လျော်ကြေးမပေးဘဲ သိမ်းယူခဲ့သည့်အပေါ် မကျေနပ်၍ လုံးခင်းဒေသခံတစ်ဦးက မြစ်ကြီးနားမြို့သို့လာရောက်ပြီး ဧပြီလ ၂ ရက်တွင် တစ်ကိုယ်တော်ဆန္ဒပြခဲ့သည်။

ကျောက်မျက်ကုမ္ပဏီများဖြစ်သည့် ရတနာကြာဖြူနှင့် စိမ်းလဲ့ရတနာဝင်းတို့က ကျောက်စိမ်းတူးဖော်ရန် သိမ်းယူလိုက်သည့် မြေနေရာနှင့်ပတ်သက်ပြီး ဖြေရှင်းပေးရန် ပြည်နယ်ဝန်ကြီးချုပ်ထံ သုံးကြိမ်တိုင်တိုင် စာတင်တောင်းဆိုခဲ့သော်လည်း ယနေ့အချိန်အထိ ဖြေရှင်းပေးနိုင်ခြင်းမရှိသဖြင့် ပြည်နယ်အစိုးရအနေဖြင့် ပြန်လည်ကွင်းဆင်းစစ်ဆေးပေးရန် တောင်းဆိုကြောင်း တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်သူ လုံးခင်းကျေးရွာမှ ကိုထွန်းထွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒါကျွန်တော်တို့ မတရားခံရတာပါ။ ဘာမှဖြေရှင်းပေးတာမရှိတော့ အခုလိုမျိုးလမ်းပေါ်တက်ရတဲ့ အဆင့်ထိရောက်လာတာပါ။ သက်ဆိုင်ရာအနေနဲ့ အမြန်ဆုံးဖြေရှင်းပေးဖို့ တောင်းဆိုပါတယ်"ဟု ကိုထွန်းထွန်းက ပြောသည်။

ဆန္ဒထုတ်ဖော်ရာတွင် မြို့နယ်တရားရေးဌာန၏ မမှန်မကန်ဆောင်ရွက်ချက်များ၊ မြို့နယ်မြေစာရင်းဌာန၏ မမှန်မကန်ဆောင်ရွက်ချက်များ၊ မြို့နယ်အုပ်ချုပ်ရေးဌာန၏ မမှန်မကန်ဆောင်ရွက်ချက်များ စသည်တို့ကို စစ်ဆေးအရေးယူပေးရန်အတွက်လည်း ထပ်ဆင့်တောင်းဆိုခဲ့သည်။

"ရတနာမြေကို အမဲဖျက်သလိုဖျက်နေကြတာ။ ဌာနဆိုင်ရာတွေကို သွားတွေ့ပြီးပြောရင်လည်း သေချာမလုပ်ပေးဘူး"ဟု ကိုထွန်းထွန်းက ပြောသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာမှ ဖြေရှင်းပေးခြင်းမရှိပါက နိုင်ငံတော်အဆင့်အထိ တင်ပြတောင်းဆိုသွားရန်အတွက်လည်းပြင်ဆင်ထားသည်ဟုဆိုသည်။

ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ခြင်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ကလည်း ဖားကန့်မြို့နယ်တွင် ဒေသခံ ၅၀ ခန့်ဖြင့် ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

စည်သူ(မြစ်ကြီးနား)၊

# ဗီနိုင်းဆိုင်းဘုတ်ထောင်ပြီး ကျောက်စိမ်းလိုက်ဝယ်နေတဲ့ တရုတ်နိုင်ငံသား

မြစ်ကြီးနား၊ ဧပြီ ၂

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု ကထန်ရွာနှင့် ဆွတ်အောင်ကျေးရွာကြားရှိ နေမင်းကမ္ဘာကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံတွင် တရုတ်စာတန်းပါ ဗီနိုင်းပိုစတာများကို လိုက်လံစိုက်ထူလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသား တရုတ်လူမျိုး၏ ဘာသာပြန်ပြောပြချက်အရ ယင်းစာတန်းသည် "မြေစာပုံအောက်တွင် ရေမဆေးကျောက်ဝယ်နေပြီ။ ရေမဆေးကျောက်ရောင်းချင်ရင် We Chat မှတဆင့် ဆက်သွယ်နိုင်သည်"ဟု ရေးသားထားခြင်းဖြစ်ကြောင်းသိရပြီး We Chat ID ကိုပါ တစ်ပါတည်းထည့်သွင်းဖော်ပြထားကြောင်းလည်း သိရသည်။

"အဲဒီဗီနိုင်းပိုစတာတွေကို ခဏစိုက်ပြီးတော့ ဓာတ်ပုံရိုက်တယ်။ ဓာတ်ပုံရိုက်ပြီးရင် ချက်ချင်းဖြုတ်ဖြုတ် သွားတယ်။ ဓာတ်ပုံဆရာပါ တစ်ခါတည်းခေါ်လာတယ်"ဟု ယင်းမြေစာပုံအနီးမှာ ရှာဖွေနေသည့် ရေမဆေးသမားတစ်ဦးက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးဦးကျော်စွာအောင်ထံ ဆက်သွယ်မေးမြန်းကြည့်ရာ ၎င်းတို့အနေဖြင့်ယင်းကိစ္စကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီးကျွန်တော်ကို ရာအိမ်မှူးတွေ အကြောင်းကြားထားတာတော့ မရှိသေးဘူး"ဟု ဦးကျော်စွာအောင်က ပြောသည်။

အထက်ပါ ဗီနိုင်းပိုစတာများကို မတ်လ ၂၇ ရက်နေ့ နေ့လယ်ပိုင်းက စတင်စိုက်ထူနေခြင်းဖြစ်ပြီး ဖားကန့်ကျောက်စိမ်းတွင်းဒေသသို့ နိုင်ငံခြားသားများ သွားရောက်ခွင့်ပိတ်ပင်ထားသော်လည်း တရုတ်နိုင်ငံသား ကျောက်စိမ်းပွဲစားများနှင့် ကုန်သည်များ အများအပြားရောက်ရှိနေကြောင်းသိရသည်။

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)









မြစ်ကြီးနားသတင်းဂျာနယ်

အမှုဆောင်အရာရှိချုပ်
ဘရန်မိုင်၊ ဇော်ခွန်း

တာဝန်ခံ အယ်ဒီတာ
ဆိုင်းမိုင်

အယ်ဒီတာ
ဖြိုးပြည့်စုံ

သတင်းထောက်
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းထွယ်ဇင်၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ကျော်ကျော်ဦး(၈၈)

နယ်သတင်းထောက်
သန်းထွန်းအောင်၊ အောင်ခမ်း(ပူတာအို)

စာပြင်
ဇော်နိုင်ဦး

ကွန်ပျူတာစာစီ
ဝေဝေအောင်

ဂျပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း
N-Hkai La Tawng၊ Shadau San Awng (L.B.Y)

မြစ်ကြီးနားရုံးတာဝန်ခံ
နိုနိုထက်နိုင်

မိုးညှင်းရုံးတာဝန်ခံ
နန်ရာ

စာရင်းကိုင်
နန်အောင်၊ ဘောက်နူးဂျာ

စီးပွားရေးတာဝန်ခံ
အိဇင်ဖြိုး၊ ဂျာဇင်

ဖြန့်ချိရေးတာဝန်ခံ
ဇော်ထုံ

တန်ဖိုး
၅၀၀ ကျပ်

ဇလင်
KING

ထုတ်ဝေသူ
ခေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

ပုံနှိပ်တိုက်
ရွှေကျား (၀၀၅၇၀)

ဆက်သွယ်ရန်
အမှတ်(၀၆၄)၊ အင်ဂျန်ဖုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၀၈၀၂၇၄
၀၉ - ၄၂၀၀၅၉၂၈
myitkyinajournal@gmail.com
myitkyinanewsjournal@facebook.com

ဤပုံနှိပ်မှုတစ်ခုတွင် ဖော်ပြထားသမျှသော မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ရွေးကြေးပေးထားသော်လည်းကောင်း၊ တိုက်ရိုက်ဆောင်ရွက်ထားသည်ဖြစ်စေကောင်း၊ ထုတ်ဝေသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သည့်ပုံစံဖြင့်မျှ ကူးယူခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရှိသမျှတစ်ခုလုံးသော မြစ်ကြီးနားသတင်းဂျာနယ် ထုတ်ဝေသူဖြစ်ပါသည်။

# ၂၁ ရာစုပင်လုံသို့ မြောက်ပိုင်းအဖွဲ့အနေဖြင့် KIO တက်ရောက်မည်

ဧပြီ ၂

လာမည့် ဧပြီလကုန် (သို့မဟုတ်) မေလဆန်းပိုင်းတွင် ကျင်းပရန် လျာထားသည့် ၂၁ ရာစုပင်လုံညီလာခံ တတိယအကြိမ်အစည်းအဝေးကို KIO အနေဖြင့် မြောက်ပိုင်းအဖွဲ့နှင့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

“KIO သီးသန့်တက်ဖို့ဆိုတာတော့ မကြားမိသေးဘူး။ ဒါပေမယ့် FPNCC အဖွဲ့အနေနဲ့တော့ အစိုးရတရားဝင်ဖိတ်ကြားလာရင်တော့ အဖွဲ့နဲ့ တက်မယ်လို့ ထုတ်ပြန်ချက်ထုတ်ထားတာရှိတယ်။ KIO အနေနဲ့ သီးသန့်တက်ဖို့က အခုထက်ထိ ဘာမှပြောသံဆိုသံ မကြားရသေးဘူး”ဟု ကေအိုင်အိုအဖွဲ့မှ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ပိုလ်မှူးကြီးနော်ဘူက ပြောသည်။

၂၁ ရာစု ပင်လုံညီလာခံ တတိယအကြိမ်အစည်းအဝေးသို့ သီးသန့်တက်ရောက်ရန် အစိုးရဘက်မှ KIO အဖွဲ့အား တရားဝင်ဖိတ်ကြားထားခြင်းမကြားမိသေးကြောင်းလည်း ၎င်းက ထပ်မံပြောသည်။

“ပဟိုကော်မတီဆီမှာ ဖိတ်တာလား။ ဒါမှမဟုတ် မဖိတ်ရသေးဘူးလား မသိရသေးဘူး”ဟု ပိုလ်မှူးကြီးနော်ဘူက ပြောသည်။



နေပြည်တော်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ

ဓါတ်ပုံ - Salai

၂၁ ရာစု ပင်လုံညီလာခံ တတိယအကြိမ် အစည်းအဝေးသို့တက်ရောက်ရန် အစိုးရက တရားဝင်ဖိတ်ကြားလာပါက ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) အဖွဲ့ဝင်အားလုံး စုံစုံညီညီ တက်ရောက်မည်ဟု မတ်လ ၂၈ ရက်တွင် သဘောထားထုတ်ပြန်ထားသည်။

ထို့အတူ အစည်းအဝေး တက်ရောက်ရာတွင်လည်း လုံခြုံရေး အာမခံချက်ရှိရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအနေဖြင့် ထိုခရီးစဉ်အတွက် ကူညီထောက်ပံ့ပေးရန် မေတ္တာရပ်ခံထားကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြောက်ပိုင်းလက်နက်ကိုင်ခုနစ်ဖွဲ့မှ ခေါင်းဆောင်များပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)၏ ဒုတိယအကြိမ် အမြဲတမ်းကော်မတီအစည်းအဝေးကို ပန်ဆန်းမြို့၌ မတ်လ ၂၆ ရက်မှ ၂၈ ရက်အထိပြုလုပ်ခဲ့ပြီး အထက်ပါအတိုင်း သဘောထားထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ FPNCC အဖွဲ့တွင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)မှ ဥက္ကဋ္ဌပိုလ်ချုပ်ကြီး အင်ဘန်လကာ ဥက္ကဋ္ဌ-၂ နေရာတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

FPNCC သည် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့ဖြစ်သည့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ရက္ခိုင် အမျိုးသားအဖွဲ့ချုပ် (ULA)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF)၊ မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ (MNTJP)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ရှမ်းပြည်နယ် အရှေ့ပိုင်းငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ (PSC)၊ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့ဖြင့် ဖွဲ့စည်းထားသည့် ကော်မတီဖြစ်သည်။

Salai

# ဆက်ကြေးတောင်းခံနေသည့်စာများမှာ မိမိတို့ပေးပို့သည့် စာအမှန်ဟုတ် / မဟုတ် အတည်မပြုနိုင်ဟု ကေအိုင်အိုပြော

ဧပြီ ၃

မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်အချို့ရှိ ကုန်စုံဆိုင်များနှင့်ကုမ္ပဏီများတွင် ကေအိုင်အေက ဆက်ကြေးကောက်ခံနေသည်ဆိုခြင်းမှာ ကေအိုင်အေအမှန် ဟုတ်/မဟုတ် အတည်မပြုနိုင်ကြောင်း ကေအိုင်အိုသတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ပိုလ်မှူးကြီးနော်ဘူကပြောသည်။

မြစ်ကြီးနားမြို့ရှိ ဆိုင်အချို့တွင် ကေအိုင်အေမှဟုဆိုကာ ဆက်ကြေးတောင်းခံသည့်စာအိတ်များရောက်ရှိနေသည်ဟု ဒေသခံများပြောဆိုမှုအပေါ် ပိုလ်မှူးကြီးနော်ဘူ ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

“လက်တွေ့မှာ ဘယ်လိုလုပ်နေလဲတော့ မသိဘူး။ ဟုတ်တယ်လို့လည်း ပြောလို့မရဘူး။ မဟုတ်ဘူးလို့လည်း ပြောလို့မရဘူး။ ဘာကြောင့်လဲဆိုရင် တချို့နေရာတွေမှာ KIA ရဲ့နာမည်တွေကိုတပ်ပြီးမှ ရုံးလိပ်စာတွေတပ်ပြီးမှ အခွန်ကောက်တာ ပိုက်ဆံတွေကောက်တာတွေရှိတယ်၊ တွေ့ရကြားရပါတယ်။ ဒါကြောင့် မဟုတ်တာတွေအတွက် တာဝန်ခံဖို့တော့ အခက်အခဲရှိပါတယ်”ဟု ပိုလ်မှူးကြီးနော်ဘူကပြောသည်။

KIA အဖွဲ့မှ အခွန်ကောက်ခံခြင်းမှာ ၎င်းတို့အဖွဲ့တွင် မူပိုင်ဆိုင်ရာ ပေါ်လစီရှိသော်လည်း KIA ဟုဆိုကာ လိမ်လည်ကောက်ခံမှုများ ရှိနေခြင်းကြောင့် ယခုကဲ့သို့ ကောက်ခံနေမှုများမှာ KIA မှ ဟုတ်/ မဟုတ်ဝန်ခံပြောဆိုရန် ခက်ခဲနေသည်ဟုလည်း ၎င်းကဆိုသည်။

“လုပ်ဆောင်နေတဲ့အခြေအနေကိုကြည့်မှပဲ ဟုတ်တယ်မဟုတ်ဘူးကို ပြောလို့ရမှာပါ။ အခုတော့ အသေးစိတ်မသိသေးတော့ မဟုတ်ဘူးလို့လည်း ပြောလို့မရဘူး။ ပေါ်လစီတော့ရှိပါတယ်။ လုံခြုံရေးအတွက် လက်မှတ်တွေပေးတာတွေ အခွန်အကောက်ဆောင်တာတွေတော့ရှိပါတယ်။ မူအားဖြင့်ရှိပါတယ်”ဟု ပိုလ်မှူးကြီးနော်ဘူကပြောသည်။

ဖေဖော်ဝါရီလဆန်းပိုင်းက မိမိအလုပ်လုပ်သည့်ဆိုင်သို့ လူငယ်ပိုင်းနှစ်ဦး လာရောက်ကာ ကေအိုင်အေမှ စာပို့ခိုင်းသည်ဟုဆိုကာ စာအိတ်ဖြင့်ပေးခဲ့သည်ကို တွေ့ခဲ့ကြောင်း အမည်မဖော်လိုသည့်ဝိတ်တာတစ်ဦးက ပြောသည်။

“လျှာထိုးဦးထုပ်ဆောင်းထားတယ်။ ကေအိုင်အေကပို့ခိုင်းလိုက်တာဆိုပြီး စာအိတ်လာပို့တယ်။ ကျွန်တော်လည်း မယူလိုက်ဘူး”ဟု ယင်းဝိတ်တာက ပြောသည်။

ပိုလ်မှူးကြီးနော်ဘူက ထပ်မံ၍ “ကုန်ဆုံဆိုင်တွေ၊ ကုမ္ပဏီတွေမှာလည်းရှိတယ်။ ဒါပေမယ့် ကောက်တဲ့အပိုင်းမှာ ဘယ်လိုတောင်းတယ်။ ဘယ်လိုလုပ်တယ်ဆိုတဲ့ အသေးစိတ်အောက်ခြေက အခြေအနေကိုတော့ ပြောလို့မရဘူး။ မြစ်ကြီးနားတောင်းတဲ့ဟာတွေက ဘယ်သူတောင်းတာလဲ ဘယ်လိုတောင်းတာလဲ အတင်းအဓမ္မတောင်းတာလား၊ ဆွေးနွေးတဲ့ပုံစံနဲ့တောင်းတာလား နောက်အဲဒါတွေသိမှ KIA ဟုတ်မဟုတ်ဆိုတာ ဆုံးဖြတ်လို့ရမှာဖြစ်ပါတယ်” ဟုလည်း ၎င်းကပြောသည်။


Salai

# သမ္မတအသစ်ကို ကြိုဆိုထောက်ခံကြောင်း မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့ ခုနှစ်ဖွဲ့ သဘောထားထုတ်ပြန်

ဧပြီ ၂

မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့ခုနှစ်ဖွဲ့က နိုင်ငံတော်သမ္မတသစ်ဦးဝင်းမြင့်အား ကြိုဆိုထောက်ခံကြောင်း မတ်လ ၂၈ ရက်က သဘောထားထုတ်ပြန်ခဲ့သည်။

မတ်လ ၂၈ ရက်တွင် သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသော ဦးဝင်းမြင့်အား ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) မှ ကြိုဆိုကြောင်းနှင့် သမ္မတသစ်၏ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးကို ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရန် မျှော်လင့်ကြောင်း ထုတ်ပြန်ခဲ့သည်။




ထို့အပြင် ထုတ်ပြန်ချက်တွင် ကချင်၊ တအာန်း၊ ကိုးကန့်နှင့် ရခိုင်ဒေသများတွင် ထိုးစစ်နှင့် စစ်ဆင်ရေးများကိုပြုလုပ်နေသော မြန်မာ့တပ်မတော်၏ လုပ်ရပ်ကို ကန့်ကွက်ရှုံ့ချကြောင်းနှင့် တိုင်းရင်းသားပဋိပက္ခပြဿနာကို နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးသည့် နည်းဖြင့်သာဖြေရှင်းရန် မြောက်ပိုင်းအဖွဲ့ ၇ ဖွဲ့က တောင်းဆိုခဲ့ကြသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ကလည်း နိုင်ငံတော်သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးဝင်းမြင့်အား ကြိုဆိုကြောင်းနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဖော်ဆောင်ရန် တိုက်တွန်းကြောင်း ကြေညာချက် ထုတ်ပြန်ထားသည်။

FPNCC ၏ ဒုတိယအကြိမ် အမြဲတမ်းကော်မတီအစည်းအဝေးကို အဖွဲ့ဝင် ၇ ဖွဲ့ဖြင့် ပန်ခမ်းမြို့တွင် မတ်လ ၂၆ ရက်မှ ၂၈ ရက်နေ့အထိ ပြုလုပ်ကာ ယခုကဲ့သို့ သဘောထားထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

FPNCC သည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့ ၇ ဖွဲ့ဖြစ်သည့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ် (ULA)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)၊ မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ (PSC)၊ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့ဖြင့် ဖွဲ့စည်းထားသည့် ကော်မတီဖြစ်သည်။

နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲကို မတ်လ ၂၈ ရက်က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပခဲ့သည်။

Salai




## Editorial
### အယ်ဒီတာ့အာဘော်

# မြို့တော်ရဲ့ ဖွံ့ဖြိုးမှုနဲ့အတူ ကြီးထွားလာတဲ့ အမှောင်လောက

ကချင်ပြည်နယ်မှာ လူရမ်းကားတွေရဲ့ဇာက်ကို အခံရဆုံးမြို့က မြို့တော်မြစ်ကြီးနားပါ။ မြို့တော်ကြီးဟာ တဖြည်းဖြည်းကြီးထွားလာတာနဲ့အမျှ ဒုစရိုက်သမားတွေကလည်း ဘယ်လိုပြစ်မှုကျူးလွန်ရမလဲဆိုတာ နေရာအနှံ့ကနေရောက်လာပြီး စောင့်ဆိုင်းချောင်းမြောင်း ကျူးလွန်ခံနေရပါတယ်။

မြို့တော်ဟာ ဒုစရိုက်သမားတွေခိုအောင်းတဲ့နေရာ ဖြစ်လို့လာပါတယ်။ ကြောင်ဝဖျင်းတွေရှိတဲ့အိမ်မှာ ကြွက်တွေ မခန့်လေးစားလုပ်ပြီး သောင်းကျန်းသလိုပါပဲ။ ပထမအမှုမမိခင် ဒုတိယမှုဖြစ်လာ၊ ဒုတိယမှုလိုက်နေချိန် တတိယမှုဖြစ်လာနဲ့ ကျူးလွန်သူတွေက အတင့်ရဲသည်ထက်ရဲလာပြီး ကချင်ပြည်နယ်ကြီးဟာ ဒုစရိုက်မှုတွေကြားမှာ ခေါင်းမဖော်နိုင်ပါဘူး။

လမ်းပေါ်မှာသွားနေရင်း လုယက်ခံရတာတွေ၊ အိမ်ထဲမှာနေရင်း ဝင်အသတ်ခံရတာတွေ၊ လမ်းပေါ်မှာ ပစ်အသတ်ခံရတာတွေနဲ့ တစ်လတစ်မျိုး၊ တစ်နှစ်တစ်မျိုး မရိုးနိုင်အောင် ဖြစ်ပွားလို့နေပါတယ်။ တရားဥပဒေစိုးမိုးရေးက မြို့တော်သူမြို့တော်သားတွေကို ခြိမ်းခြောက်နေပြီး ညဘက်တစ်ယောက်တည်းထွက်ဖို့အတွက် မြစ်ကြီးနားသူ/သားတွေမှာ ကြောက်ရွံ့လာရပါတယ်။ ဒါပေမယ့်လည်း ဖြစ်ခါမှဖြစ်ရော မဖြစ်မနေသွားလာနေကြရသူတွေလည်း သွားနေကြရဆဲပါ။

မြို့တော်မှာ အမှုအခင်းများဖြစ်လိုက်ပြီဆိုရင် ပြစ်မှုကျူးလွန်တဲ့သူကို ဘယ်တော့မှ ရှာဖွေမတွေ့ရတတ်ပါဘူး။ ပြစ်မှုကျူးလွန်တဲ့သူတွေက အဆင့်မြင့်လာသလောက် ရဲတပ်ဖွဲ့ရဲ့အဆင့်က နိမ့်ကျနေဆဲပါ။

ရဲတပ်ဖွဲ့ကြီးက သူတို့ကို ဒုက္ခမပေးဘဲ လမ်းပေါ်သွားနေတဲ့ ဆိုင်ကယ်တွေလောက်ကိုသာ ဦးထုပ်မဆောင်းလို့၊ ဘက်မှန်မတပ်လို့ဆိုတဲ့ ပြစ်ချက်တွေနဲ့ တစ်ရစ်ချင်း၊ တစ်ရစ်ချင်း ချောင်ပိတ်ရိုက် အနိုင်ကျင့်တတ်ပေမယ့် သူတို့ကိုစိန်ခေါ်နေတဲ့ ဒုစရိုက်သားကောင်တွေကို ဖမ်းဖို့ဆိုရင် "ရဲမှာ အရာရာသိမြင်နိုင်တဲ့ နတ်မျက်စိပါတာမှမဟုတ်တာ" ဆိုပြီး ဆင်ခြေတွေပေးတတ်ကြပါတယ်။ နိုင်ငံတကာကရဲတွေလို နတ်မျက်စိတမျှ အရာရာကို ချက်ချင်းစစ်လို့ရတဲ့ စက်ကိရိယာတွေကို အကူအညီယူနိုင်ဖို့ဆိုတာ အလှမ်းဝေးနေဆဲပါ။

အခုဆိုရင် မြို့တော်မှာဖြစ်ပွားခဲ့ပြီး တရားခံမပေါ်တဲ့အမှုပေါင်းက တစ်စထက်တစ်စများလို့နေပါပြီ။ ကမ္ဘောဇမီနီဘဏ်ကို တိုက်သွားတဲ့သူတွေ၊ ပြည့်ဝကုန်စုံဆိုင်ပိုင်ရှင်ရဲ့ မိသားစုဝင်တွေကို သတ်သွားတဲ့သူတွေ၊ အိမ်ထဲဝင်ပြီးဓားနဲ့ ၁၉ ချက်လောက်ထိုးသွားတဲ့မလီဆန်ပန်ကို သတ်ဖြတ်သူတွေဟာ အန္တရာယ်ကင်းဘေးရှင်းစွာ လွတ်မြောက်နေဆဲပါ။

တရားခံတွေ ဒီလိုလွတ်မြောက်နေတာနဲ့အမျှ ရဲတပ်ဖွဲ့ကို အထင်ကြီးတဲ့ ပြည်သူတွေက သံသယတွေဝင်ပြီး တရားခံသိလျှက် မဖမ်းသူများအဖြစ် အမြင်ခံနေရတာကို သူတို့သိဟန်မတူပါ။ ပြည်သူ့သံသယကို ဖြေဖျောက်ပေးဖို့ ချဉ်းကပ်တဲ့ သတင်းမီဒီယာတွေကိုလည်း သံသယစိတ်တွေ တစ်ပွေ့တစ်ပိုက်နဲ့ ကြိုဆိုနေတော့ ရဲတပ်ဖွဲ့ဟာ ပြည်သူကြားမှာ ပက်လက်မျောတဲ့ကိန်းဆိုက်နေပါတယ်။

ပြည်သူတွေအနေနဲ့ လုံခြုံအောင် ဆောင်ရွက်မပေးနိုင်သူတွေရဲ့ လက်အောက်မှာ ကိုယ့်အန္တရာယ်ကို ကိုယ်တိုင်ကာကွယ်တားဆီးခြင်းကသာ အကောင်းဆုံးပါ။ နိုင်ငံတကာလို သေနတ်ကိုင်ဆောင်ခွင့်လည်းမရတဲ့ တိုင်းပြည်မှာ ကိုယ်တိုင်အန္တရာယ်ကင်းဖို့အတွက် မိမိတို့ဆုံးရှုံးရမယ့် တန်ဖိုးအလိုက် အစောင့်အရှောက်တွေ ငှားသင့်ငှားပြီး လုံခြုံအောင်နေကြဖို့လိုလာပါပြီ။ မိမိတို့ပေါ့ဆမှုကြောင့်ဖြစ်ဖြစ်၊ ဒုစရိုက်သမားတွေရဲ့ ကျွမ်းကျင်မှုကြောင့်ဖြစ်ဖြစ် တစ်ခုခုဖြစ်လာပြီဆိုရင် လတ်တလောဘဝပျက်ရမှာက ပြည်သူတွေဖြစ်တာကြောင့် သွားလာရာမှာ မပေါ့ဆဘဲ သတိရှိကြဖို့ သတိပေးလိုရင်းပါ။

မြန်မာနှစ်သစ်နဲ့အတူ ပြည်သူတွေ အန္တရာယ်ကင်း၊ ဘေးရှင်းကြပါစေ။ ။

မြစ်ကြီးနားသတင်းဂျာနယ်

# မြစ်ကြီးနားက ရွှေဆိုင်လုယက်မှု ဖြစ်စဉ်အမှန်

ဧပြီ ၂

မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက် ကျော်မြန်မာရွှေဆိုင်တွင် ဧပြီလ ၁ ရက်နေ့က ဖြစ်ပွားခဲ့သည့်ဓားထိုးလုယက်မှုတွင် ငွေကျပ်သိန်းသုံးထောင်ကျော်ခန့် တန်ဖိုးရှိ ရွှေထည်ပစ္စည်းသုံးပိဿာကျော်နှင့် ငွေကျပ်သိန်း နှစ်ရာတို့ ပါဆုံးသွားခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။



လုယက်ခံရသော ကျော်မြန်မာရွှေဆိုင်

ကမ္ဘောဇဘဏ်နောက် ကျောလမ်းကြားရှိ ပဒုမ္မာစတိုးနှင့် မျက်နှာချင်းဆိုင်မှ ကျော်မြန်မာရွှေဆိုင်ပိုင်ရှင် ဦးကျော်ထွန်းသည် ဆိုင်ဖွင့်ရန်အတွက် ရွှေထည်နှင့်ငွေများကို Belta အမျိုးအစား လိုင်စင်ကားဖြင့်တင်၍ ဆိုင်ရှေ့တွင်ကားရပ်ကာ ဆိုင်သံဘာဂျာတံခါးကို ဖွင့်ဝင်ချိန် ဆိုင်ကယ်စီးဦးထုပ်အပြာဆောင်းထားသည့် အမျိုးသားတစ်ဦးရောက်လာပြီး ရွှေရောင်းလိုကြောင်းပြော၍ ကောင်တာအတွင်းဘက်သို့ ဝင်လာကာ အသင့်ပါလာသောဓားဖြင့် ဝမ်းပိုက်ကို ထိုးခဲ့ကြောင်း သိရသည်။

ယင်းသို့ ဓားနှင့်ထိုးအပြီး ကိုကျော်ထွန်း ကြမ်းပြင်ပေါ် မှောက်နေစဉ်တွင် နောက်ထပ်အမျိုးသားတစ်ဦး ထပ်မံရောက်ရှိလာပြီး "မအော်နဲ့ သတ်ပစ်မယ်"ဟု ပြောဆိုခြိမ်းခြောက်ကာ ကိုကျော်ထွန်း၏ ဘောင်းဘီအိတ်ကပ်အတွင်းမှ ငွေကျပ်ငါးသောင်းကို နှိုက်ယူပြီးကိုကျော်ထွန်းကိုဆိုင်ရေချိုးခန်းထဲတွင် သော့ပိတ်၍ထားခဲ့သည်ဟု သိရသည်။

ထို့နောက် ထိုအမျိုးသားနှစ်ဦးက ဆိုင်တွင်တပ်ဆင်ထားသော CCTV စက်ကိုပါ ဖြုတ်ယူသွားခဲ့သည်ဟု ရဲမှတ်တမ်းများအရသိရပြီး ယင်းနောက် ဆိုင်ရှေ့တွင်ရပ်ထားသောကားကို မောင်းနှင်ထွက်ပြေးသွားခဲ့သည်ဟု သိရသည်။

ကားအတွင်းမှ ရွှေထည်ပစ္စည်းအမျိုးမျိုးနှင့် ရွှေချောင်း ၅ ချောင်း (အလေးချိန်စုစုပေါင်း ၃ ပိဿာခန့်)နှင့် ကြွပ်အိတ်အနက်ရောင်ဖြင့် ထုတ်ထားသည့် ငွေကျပ်သိန်း နှစ်ရာတို့ကို လုယက်သွားခဲ့ကြောင်းလည်း သိရသည်။

ကျူးလွန်သူများသည် အထက်ပါရွှေဆိုင်၏ အဝင်/အထွက်ကို အချိန်ယူ၍စနစ်တကျလေ့လာထားပြီး လူသူကင်းရှင်းသည့်အချိန်တွင် ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က သုံးသပ်သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး မြို့မရဲစခန်းမှ (ပ)၇၂/၂၀၁၈၊အမှုကြီးအမှတ်စဉ်(၆/၂၀၁၈) ရာဇသတ်ကြီး ၃၉၇/၁၀၄ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားပြီး တရားခံဖမ်းဆီးနိုင်ရေးဆောင်ရွက်နေကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများက ၎င်းတို့လုယူသွားသည့်ကားကို မနော‌ကွင်း၏ အနောက်ဘက်ရှိ မနောဥယျာဉ်ကွင်းထဲတွင် စွန့်ပစ်ထားခဲ့သည်ကို နေ့လယ် ၂ နာရီကျော်ခန့်တွင် တွေ့ရှိခဲ့သဖြင့် ရဲတပ်ဖွဲ့က သက်သေခံပစ္စည်းအဖြစ် ယာယီထိန်းသိမ်းထားကြောင်း သိရသည်။



ကိုကျော်ထွန်း၏ ပြောပြချက်အရ ရဲတပ်ဖွဲ့မှ ရေးဆွဲထားသည့် တရားခံပုံကြမ်း

ဓါတ်ပုံ - ခိုင်မြဲမှူး

ထိုရွှေဆိုင်လုယက်ခံရမှုနှင့်ပတ်သက်၍ လူမှုကွန်ရက်သတင်းများနှင့် သတင်းစာအချို့တွင် တင်ပြပုံကွဲလွဲမှုများရှိနေသော်လည်း မြစ်ကြီးနားသတင်းဂျာနယ်က ရဲတပ်ဖွဲ့နှင့် ရွှေဆိုင်ပိုင်ရှင်တို့၏ ပြောဆိုချက်များအတိုင်း ပြန်လည်ဖော်ပြခြင်းဖြစ်သည်။

ယခုဖြစ်စဉ်တွင်လည်း ကမ္ဘောဇမီနီဘဏ်လုယက်မှုဖြစ်စဉ်တုန်းကလို စီစီတီဗီကင်မရာမှတ်တမ်းများ ဖျောက်ဖျက်ခြင်းနှင့် ပိုင်ရှင်၏အသက်ကို အန္တရာယ်မပေးဘဲ သော့ခတ်ထားခဲ့ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် ပြစ်မှုကျူးလွန်သူများသည် တစ်ဖွဲ့တည်းဖြစ်နိုင်ကြောင်း ပြည်သူများအကြား ဝေဖန်ပြောဆိုနေကြသည်။

စည်သူ(မြစ်ကြီးနား)

# ခရီးသွားတပ်မတော်သားတစ်ဦးကို ဓားဖြင့်ထိုးခဲ့သူက မိုးညှင်းရဲစခန်းတွင် လာရောက်အဖမ်းခံ

ဧပြီ ၂

ဟိုပင်မြို့ရှိ ဘောလုံးကွင်းအနီးတွင် ခရီးသွားရန် ကားစောင့်နေသော တပ်မတော်သားတစ်ဦးအား ဓားဖြင့်ထိုးခဲ့ပြီးတိမ်းရှောင်နေသည့်လူငယ်တစ်ဦးသည် မတ်လ ၂၇ ရက်တွင် မိုးညှင်းမြို့မရဲစခန်းသို့ လာရောက်ပြီး အဖမ်းခံခဲ့ကြောင်း သိရသည်။

အဆိုပါလူငယ်သည် ဟိုပင်မြို့(တောင်)မြို့သာယာရပ်ကွက်တွင် နေထိုင်သည့် အသက် ၂၀ နှစ်အရွယ် ကိုဝေယံစိုးဆိုသူဖြစ်ပြီး ၎င်းသည် ခမရ (၃၈၉)မှ အသက် ၅၅ နှစ်အရွယ် တပ်ကြပ်တိုးလွင်အားဟိုပင်မြို့ရှိဘောလုံးကွင်းအနီးတွင် မတ်လ ၂၀ ရက် ည ၇နာရီခန့်က ဓားဖြင့်ထိုးသတ်ခဲ့ကြောင်း သိရသည်။

"သေဆုံးသူ တပ်ကြပ်တိုးလွင်က ခရီးသွားဖို့ လမ်းဘေးကဆိုင်တစ်ဆိုင်မှာ ကားစောင့်ရင်းနဲ့ သူနဲ့အထင်အမြင်လွဲမှားကြပြီး စကားများရာကနေ အခုလို ဓားထိုးမှုဖြစ်ပွားခဲ့ကြတာပါ"ဟု ဟိုပင်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




တပ်ကြပ်တိုးလွင်ဆိုသူသည် တပ်သားစုဆောင်းရေးအတွက် မိုးကောင်းသို့သွားရန် ကားစောင့်နေစဉ် ၎င်းစီးမည့်ကားမလာသေးသည့်အတွက် ဈေးဆိုင်တစ်ဆိုင်၌ ထန်းရေသောက်နေချိန် ကိုဝေယံစိုးဆိုသူနှင့်စကားများကြပြီး ဓားမြှောင်ဖြင့် အထိုးခံရခြင်းဖြစ်ကြောင်း ဟိုပင်ရဲစခန်းမှ ရရှိသည့် အချက်အလက်များအရ သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် တပ်ကြပ်တိုးလွင်၏ ဝမ်းပိုက်၌ ထိုးသွင်းဒဏ်ရာ ရရှိခဲ့သည့်အတွက် ၎င်းအား ဟိုပင်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း ဆေးရုံ၌ ည ၇ နာရီခန့်တွင် သေဆုံးသွားခဲ့သည်ဟု သိရသည်။

သေဆုံးခဲ့သည့် တပ်ကြပ်တိုးလွင်အား ဓားဖြင့်ထိုးသတ်သူ ဝေယံစိုးကို ဗိုလ်ကြီးကျော်ဇင်ဝင်းက တရားလိုပြုလုပ်ကာ ဟိုပင်နယ်မြေရဲစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ- ၃၀၂ ဖြင့် အမှုဖွင့်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်း (မိုးညှင်း)



# သမ္မတသစ်အပေါ် လွှတ်တော်ကိုယ်စားလှယ်များရဲ့အမြင်



**ဦးဇော်မိုးနော်**
**ပြည်နယ်လွှတ်တော်**
**အင်ဂျန်းယာန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)**

အခုသမ္မတအသစ်အပေါ်မှာက ကျွန်တော်အများကြီးကြိုဆိုတယ်။ အားလည်းရတယ်။ ဘာကြောင့်ဆိုတော့ စကားပြောတဲ့နေရာမှာလည်း ပြတ်ပြတ်သားသားပြောတယ်၊ ပြီးတော့မှ ပြတ်ပြတ်သားသား နိုင်ငံတော်ရဲ့တာဝန်ကို ကိုင်တွယ်ဆုံးဖြတ်သွားမယ့် ပုဂ္ဂိုလ်ဖြစ်တယ်ဆိုတာကို ကျွန်တော်က ခံယူပါတယ်။ ဦးဝင်းမြင့် အခုလက်ရှိသမ္မတ သူလွှတ်တော်ဥက္ကဋ္ဌလက်ခံတဲ့အချိန်မှာ အဲ့ဒီ ပြည်သူ့လွှတ်တော် အခမ်းအနားမှာတက်တယ်။ တက်တဲ့အခါကျတော့ သူတို့လုပ်ငန်းအလွှဲအပြောင်း လက်ခံတဲ့အခါမှာ ပြောတဲ့စကားသည် အခုသူသမ္မတရာထူးလက်ခံတဲ့အချိန်မှာ ပြောတဲ့မိန့်ခွန်းသည် ကျွန်တော်တို့ကြားရခြင်းအားဖြင့် တော်တော်အားရတယ်။ နိုင်ငံတော်ရဲ့တာဝန်ကို ယခင်ကထက်တော့ ထူးခြားမှုရှိလာမယ် ကိုင်တွယ်နိုင်သွားမယ်၊ အပြောင်းအလဲတစ်ခုတော့ အရွေ့တစ်ခုတော့ရောက်သွားမယ်လို့ မြင်တယ်။



**ဒေါ်ဂျေထုဂျော်**
**ပြည်နယ်လွှတ်တော်**
**ဆွမ်ပရာဘွမ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)**

သမ္မတအသစ်တက်တာက အစစအရာရာကောင်းလာမှာပေါ့။ ကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့မြန်မာနိုင်ငံကို အဂတိလိုက်စားမှုတွေကအစ အကုန်လုံး ပြုပြင်ပြောင်းလဲသွားမှာပဲလို့ ယူဆပါတယ်။



**ဦးဇော်ဝင်း**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်**
**တနိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)**

အပြောင်းအလဲတစ်ခုကတော့ ပိုမြန်မြန်ဆန်ဆန်ဖြစ်လာမှာပေါ့။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရော ပြည်ထောင်စုအစိုးရအဆင့်အဖွဲ့တွေရော နည်းနည်းမောင်းနှင်အားနည်းနေတာပေါ့။ ကျွန်တော့်အနေနဲ့ပြောရရင်တော့ သမ္မတအသစ်ရဲ့မောင်းနှင်အားကြောင့် ပိုမိုမြန်ဆန်လာမှာပေါ့။ အထူးသဖြင့်တော့ တိုင်းဒေသကြီးပြည်နယ်တွေမှာ မလုပ်၊ မရှုပ်၊ မပြုတ်ဝန်ကြီးတွေရော မလုပ်၊ မရှုပ်၊ မပြုတ်ဝန်ကြီးတွေအတွက်ရော၊ ဒါဟာ ပိုကောင်းလာမယ့်အလားအလာလို့ပြောလို့ရတာပေါ့။ နိုင်ငံတော်သမ္မတကြီးဦးထင်ကျော်ဆင်းသွားတဲ့အခါမှာ နှုတ်ထွက်ခွင့်တောင်းပြီး ဆင်းသွားတာပေါ့။ အပြောင်းအလဲတစ်ခုမှာ ပြည်သူကို အာဏာကိုမမက်မောတဲ့ပုံစံနဲ့ Message ပေးပြီးဆင်းသွားတာ။



**ဒေါ်က်တာခင်မကြီး**
**မိုးကောင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

ကျွန်မတို့က သူလုပ်ရမယ့်တာဝန်တွေကို ပိုပြီးအောင်အောင်မြင်မြင် ကောင်းကောင်းမွန်မွန်လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အဲ့ဒါကြောင့်ပဲ သူ့ကိုမဲပေးခဲ့ကြတာပါ။ ဒါကတော့ အတတ်နိုင်ဆုံးဖြစ်အောင်ကတော့ အခုသမ္မတကြီးဦးဝင်းမြင့်ရော ကျွန်မတို့ကျန်တဲ့ဒီအစိုးရအဖွဲ့တွေရော လွှတ်တော်အနေနဲ့ရောဝိုင်းဝန်းပြီးတော့ ကြိုးပမ်းဆောင်ရွက်သွားကြမှာပါ။ အောင်မြင်မယ်၊ မအောင်မြင်မယ်ဆိုတာကတော့ ကိုယ့်ဘက်ကတော့ အောင်မြင်အောင်လုပ်မယ် အခက်အခဲတွေကို အတတ်နိုင်ဆုံးဖြစ်အောင် ကျော်လွှားနိုင်အောင်တော့ လုပ်ကြမယ် အောင်မြင်အောင် ကြိုးစားသွားကြပါမယ်။

ဆန်လတ်

## အမည်ပြောင်းအသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်၊ အင်းရွာတွင်နေ ထိုင်သောမငြိမ်းငြိမ်းဦး၏ဖခင်အမည်ဦးမင်းထွန်းဦး ဟု မှားယွင်းနေသောကြောင့် ဖခင်အမည်ရင်း မှန်မှာ ဦးမြင့်ထွန်းဦး (၁/ ဗမန (နိုင်) ၀၅၉၉၅၇) ဖြစ်ကြောင်းတရားဝင် အသိ ပေး ကြေညာ အပ်ပါသည်။

7COVER
Address
အမှတ် (၁) ရဲစခန်းရှေ့၊ မြစ်ကြီးနားမြို့
Wechat
www.7coveronlineshop.com
www.facebook.com/7cover.mm

**မြစ်ကြီးနားသတင်းဂျာနယ် အတွဲ(၅)၊ အမှတ်(၁၂)၊ စာမျက်နှာ (၉) ပါ သတင်းတွင် ဖော်ပြထားသည့် "လော်ဝေါ်(လချိဒ်)" ကို "လော်ဝေါ်(မရူ)" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။**

# တစ်ရက်ကို သစ်တန်ချိန် ၅၀၀ ခန့် ခိုးထုတ်နေသော တရုတ်နိုင်ငံသားများပိုင် သစ်စက်ကို တားဆီးပေးစေလို



တစ်ရက်ကို သစ်တန်ချိန် ၅၀၀ ခန့် ခိုးထုတ်နေသော တရုတ်နိုင်ငံသားများပိုင် သစ်လုပ်ကွက်

မြစ်ကြီးနား၊ ဧပြီ ၂

ဆဒုံးမြို့နယ် ဘွမ်တောင်ရွာတွင် သစ်စက်လာရောက်တည်ထောင်ပြီး ၂၄ ဘီးတွဲကားများဖြင့် နေ့စဉ်သစ်ခိုးထုတ်နေသော တရုတ်နိုင်ငံသားများကို သက်ဆိုင်ရာမှ အမြန်ဆုံး လာရောက်တားမြစ်ပေးစေလိုကြောင်း ဘွမ်တောင်ကျေးရွာ တောင်သူများက ပြောသည်။

တရုတ်နိုင်ငံသားနှစ်ဦးပိုင်သော အဆိုပါတရားမဝင်သစ်စက်သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ စတင်ဝင်ရောက်လာကာ ဆင်နီခူး၊ ရှင်ဒေါ်နှင့် မန်ဒေါင် စသည့်ဒေသဘက်တို့မှ သစ်များကို တရားမဝင်သယ်ယူ၍ ဘွမ်တောင်ရွာမှ တောင်သူများပိုင် ခြံဝန်းများအတွင်း ခွင့်ပြုချက်မတောင်းဘဲ လာရောက်စုပုံကာ ခွဲစိပ်ပြီးသစ်များကို တရုတ်နိုင်ငံသို့ ခိုးထုတ်နေကြောင်း သိရသည်။

သစ်စက်သုံးခုမှ ထွက်ရှိသည့် ရှစ်ပေခွဲ၊ ကိုးပေခန့်ရှိသည့်သစ်များကို တွဲကားတစ်စီးလျှင် တန် ၅၀ ခန့် တင်ဆောင်ပြီး တွဲကားဆယ်စီးခန့်ဖြင့် တရုတ်နိုင်ငံသို့ နေ့စဉ်တင်ပို့နေကြောင်း ဒေသခံများပြောကြားချက်အရ သိရသည်။

"တရုတ်တွေ အဲဒီလိုလုပ်နေတာက တရားဝင်မဟုတ်ဘူး။ သူတို့က စစ်တပ်နဲ့အဆင်ပြေအောင်ညှိပြီး နားလည်မှုနဲ့ လုပ်နေကြတာပါ။ ကုမ္ပဏီနာမည်တော့မရှိဘူး။ ပြည်သူလူထုတွေကိုကျတော့ စစ်ကြောင်းရှိတယ် . . . မသွားရဘူးလို့ပြောပြီး တရုတ်တွေကျတော့ နေ့တိုင်းဝင်ထွက်နေတယ်"ဟု ဘွမ်တောင်ကျေးရွာ အုပ်ချုပ်ရေးရုံးမှ အတွင်းရေးမှူးဦးလာမြာတားက ပြောသည်။

အဆိုပါလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်နေသူများမှာ အားမင်းနှင့် ရှောက်ကျန်းဆိုသည့် တရုတ်နိုင်ငံသားနှစ်ဦးတို့ဖြစ်ပြီး ၎င်းတို့နေ့စဉ်တင်ပို့နေသည့် သစ်အမျိုးအစားများမှာ စကားဝါ၊ ယမနေ၊ တောင်တမာနှင့် အခြားသစ်မာများဖြစ်ကြောင်း ဒေသခံများက ပြောသည်။

"ပြည်တွင်းကသစ်ကို ပြည်တွင်းမှာပဲ သုံးစွဲစေချင်တယ်။ သူတို့သစ်ထုတ်တဲ့အတွက် ပြည်သူတွေခံရမှာလာပုံလို့၊ အသွားအလာလုပ်လို့ ပြည်သူတွေစိုက်ထားတဲ့ နှစ်ရှည်ပင်တွေ ပျက်စီးမှုတွေဖြစ်နေရတဲ့အတွက် သက်ဆိုင်ရာအစိုးရကနေပြီးတော့ အမြန်ဆုံးလာရောက် တားဆီးပေးစေလိုပါတယ်။ တောင်သူတွေအတွက်ကတော့ ကြာလေနစ်နာမှုရှိလေဖြစ်နေရပါတယ်"ဟု ဦးလာမြာတားက ပြောသည်။

ထို့အပြင် ယင်းသစ်စက်ရှိနေခြင်းကြောင့် တပ်မတော်ကရွာသားများကို ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ထားကြောင်း၊ ထိုကျေးရွာရှိပြည်သူများသည် နှစ်ရှည်ပင်များ၊ သီးနှံပင်များ စိုက်ပျိုးကာ တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့်အတွက် ၎င်းတို့ တောင်ယာလုပ်ငန်းကို အဟန့်အတားဖြစ်စေသော သစ်စက်များကို ဖယ်ရှားပေးစေလိုကြောင်း၊ စစ်တပ်ဂိတ်မှလည်း တောင်သူများကို လွတ်လပ်စွာသွားလာခွင့်ပြုစေလိုကြောင်း တောင်သူများက တောင်းဆိုကြသည်။

"စစ်တပ်ဂိတ်က မသွားခိုင်းဘူး။ ပိတ်ပင်တားဆီးတာတွေလုပ်ထားလို့ ဒီနှစ်အခုချိန်ထိ တောင်ယာမခုတ်ရသေးဘူး။ သူတို့က တောင်သူတွေခြံမှာ ဘာမှမပြောဘဲလာပုံထားလို့ တောင်သူတွေစိုက်ထားတဲ့အပင်တွေ ပျက်စီးနေတာတွေရှိပါတယ်။ သွားပြောလည်း စစ်တပ်အားကိုးနဲ့ ရွာသားတွေပြောတာကိုဂရုမစိုက်ကြဘူး"ဟု ဦးလာမြာတားက ဆက်လက်ပြောသည်။

ဖေဖော်ဝါရီလမှ ဧပြီလအတောအတွင်းကာလသည် တောင်သူများ၏ တောင်ယာခုတ်ခြင်း၊ မီးရှို့ခြင်းများဆောင်ရွက်ချိန်ဖြစ်သော်လည်း ယခုချိန်ထိ တောင်ယာစပါးစိုက်ပျိုးရန် ပြင်ဆင်နိုင်ခြင်းမရှိသေးသဖြင့် လာမည့်နှစ်အတွက် ဒေသဆန်အခက်အခဲဖြစ်မည်ကို ဒေသခံများ စိုးရိမ်နေကြရသည်ဟု တောင်သူဦးငွါးတားကပြောသည်။

အဆိုပါသစ်စက်အနီးပတ်ဝန်းကျင်တွင် ဘွမ်တောင်၊ မာဂျာ၊ အင်ဝမ်းကောက် ကျေးရွာ ၃ ခုပေါင်း အိမ်ခြေ ၀၂၀ ရှိပြီး ယင်းကျေးရွာအနီးသို့ တောင်ယာလာရောက်လုပ်ကိုင်သည့် တောင်သူ ၂၀၀ ကျော်ရှိကြောင်းသိရသည်။

မွန်းမွန်းပန်

# မိုးညှင်းတွင် မဟာအတာသင်္ကြန်ပွဲအတွက် ယိမ်းအကပြိုင်ပွဲများ မပြုလုပ်တော့

ဧပြီ ၂

မိုးညှင်းမြို့၌ ပြုလုပ်မည့် မဟာအတာသင်္ကြန်ပွဲတွင် နှစ်စဉ် ထည့်သွင်းကျင်းပမြဲဖြစ်သည့် ယိမ်းအကပြိုင်ပွဲများကို ယခုနှစ်မှစတင်၍ ပြုလုပ်တော့မည်မဟုတ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ပြောသည်။

"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဌာနဆိုင်ရာတွေတိုင်ပင်ကြပြီး ဘဏ္ဍာရန်ပုံငွေ မြိုးမြုံ့ခြွေတာတဲ့အနေနဲ့ ဒီနှစ်သင်္ကြန်မှာ နှစ်စဉ်ယှဉ်ပြိုင်ကြတဲ့ သင်္ကြန်ယိမ်းအကပြိုင်ပွဲကို မထည့်သွင်းတော့ပါဘူး။ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့အနေနဲ့ ဖျော်ဖြေရေးတွေကို ပဟိုမဏ္ဍပ်မှာပဲ ထည့်သွင်းသွားပါမယ်"ဟု မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲအောင်က ပြောသည်။

မိုးညှင်း မဟာအတာသင်္ကြန်ပွဲအတွက် ပဟိုမဏ္ဍပ်ကို မိုးညှင်းမြို့ ရွှေသာလျောင်းဘုရားကြီး ဓာတ်ရုံရှေ့တွင် တည်ဆောက်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်အသီးသီးမှ ယိမ်းအကအဖွဲ့ ၁၀ ခုကိုမြန်မာ့ရိုးရာယဉ်ကျေးမှုအား ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် နှစ်စဉ်ယှဉ်ပြိုင်စေခဲ့ကြောင်း သိရသည်။

ထိုသို့ ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ယှဉ်ပြိုင်စေခဲ့သော်လည်း ယခုနှစ်တွင်မူ ပဟိုမဏ္ဍပ်ကို ခရိုင်အုပ်ချုပ်ရေးမှူးရုံးအနီးရှိ စည်ပင်သာယာပန်းခြံရှေ့တွင် ပြောင်းရွှေ့ပြုလုပ်မည်ဖြစ်ပြီး သင်္ကြန်ယိမ်းပြိုင်ပွဲများ ထည့်သွင်းတော့မည်မဟုတ်ဘဲ ဖျော်ဖြေရေးအစီအစဉ်များသာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"ဖျော်ဖြေရေးအစီအစဉ်ပဲရှိတယ်ဆိုပေမယ့် ရပ်ကွက်တွေက လာရောက်ကပြကြတဲ့အဖွဲ့တွေကိုလည်း ဂုဏ်ပြုဆုငွေချီးမြှင့်သွားမှာပါ။ ရေကစားမဏ္ဍပ်နဲ့အတူ စတုဒီသာကျွေးမွေးနိုင်အောင်လည်း စီစဉ်ထားပါတယ်။ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုတွေအတွက်လည်း ပြင်ဆင်ထားပါတယ်။ ရေကစားတဲ့သူမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့ ဆန့်ကျင်တဲ့ ဝတ်စားဆင်ယင်မှုတွေရှိလာရင် စည်းကမ်းထိန်းအဖွဲ့တွေက လိုအပ်သလိုဆောင်ရွက်ပေးသွားမှာပါ" ဟု ဦးရဲအောင်က ပြောသည်။



မိုးညှင်းမြို့ ၂၀၁၇ အတာသင်္ကြန်ပွဲတော်

ဓါတ်ပုံ - ထွန်းထွန်း(မိုးညှင်း)

မဟာသင်္ကြန်ကာလအတွင်း ရပ်ကွက်အသီးသီးတွင် ရေကစားမဏ္ဍပ်များနှင့်၊ ဖျော်ဖြေရေးမဏ္ဍပ်များ ပြုလုပ်မည်ဆိုပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ခွင့်ပြုချက်ရယူရန် တင်ပြရမည်ဖြစ်ကြောင်း၊ ထိုနေရာများသည် ယာဉ်ကျောပိတ်ဆို့မှုများ မရှိနိုင်သည့်နေရာများ ဖြစ်ရမည့်အပြင် ရေကစားသူများအတွက် အန္တရာယ်မရှိစေရန် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နှစ်ဆန်း ၁ ရက်နေ့တွင် မိုးညှင်းမြို့ပေါ်ရှိ အသက် ၈၅ နှစ်အထက် အဖိုး၊ အဖွား ၁၇၄ ဦးအားတစ်ဦးလျှင် ငွေကျပ်နှစ်သောင်းခွဲစီ ပေးလှူကာ သက်ကြီးပူဇော်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း မိုးညှင်း မဟာအတာသင်္ကြန်စီမံရေးကော်မတီမှ သိရသည်။

ထွန်းထွန်း (မိုးညှင်း)

# ခေါင်လန်ဖူးမြို့နယ်ရှိ အလယ်တန်းကျောင်းခွဲများအတွက် လစ်လပ်ရာထူးများ ကျောင်းဖွင့်အမီခန့်အပ်မည်ဟု ဝန်ကြီးပြော

ဧပြီ ၂

လာမည့် ပညာသင်နှစ်အတွက် ခေါင်လန်ဖူးမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲများ၌ လစ်လပ်နေသည့် ဆရာ၊ ဆရာမများ နေရာတွင် အစားထိုးခန့်ထားမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ပြောသည်။



ဧပြီလ ၂ရက်နေ့က ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ခေါင်လန်ဖူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရွှေလေး၏ မေးမြန်းချက်ချက်ကို လူမှုရေးဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဦးရွှေလေး၏ မေးမြန်းချက်တွင် ချီလာဝါဒီ၊ အတာတော်၊ နန်ချိန်အလယ်တန်းကျောင်းများ၌ လိုအပ်လျက်ရှိသည့် ဆရာ၊ဆရာမများကို ၂၀၁၈-၁၉ ပညာသင်နှစ်အမီ ခန့်ထားပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့သည်။

"ချီလာဝါဒီအလယ်တန်းကျောင်းမှာ ဒီနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ခန့်ထားပေးတဲ့ ဆရာမက တစ်ဦးပဲရှိပါတယ်၊ အတာတော် အလယ်တန်းကျောင်းခွဲမှာ ဆရာ၊ ဆရာမ တစ်ဦးမျှမရှိပါဘူး။ လက်ရှိလိုအပ်တာက ငါးဦးလိုအပ်တာဖြစ်ပါတယ်။ နန်ချိန်အလက ကျောင်းခွဲမှာ ဆရာ၊ ဆရာမ လေးဦးရှိပြီး လိုအပ်နေတာက တစ်ဦးလိုအပ်တာဖြစ်ပါတယ်"ဟု ဦးရွှေလေးကပြောသည်။

အဆိုပါ အလယ်တန်းကျောင်းများမှ ကျောင်းဆရာများသည် လစဉ်ခေါင်လံဖူးမြို့သို့ လစာလာရောက်ထုတ်ယူနေကြရကြောင်း၊ ထိုသို့သွားလာနေရခြင်းက ဆရာ/မများကို လမ်းပန်းဆက်သွယ်ရေးကြောင့် လမ်းခရီးတွင် အချိန်ကုန်နေရကြောင်း၊ ၎င်းတို့ လစာသွားထုတ်ချိန်တွင် သင်ကြားရေးပိုင်း၌ ပျက်ကွက်မှုများ ကြုံတွေ့နေရကြောင်းလည်း ဦးရွှေလေးက တင်ပြခဲ့သည်။

"အဲဒီမှာမှာရှိတဲ့ဆရာ၊ ဆရာမတွေက လစာလာထုတ်တဲ့အခါမှာ တစ်ဦးချင်းအဖွဲ့ချင်းလာပြီး လေးရက်ခြေကျင်ခရီးလာရတယ်။ တချို့ကျောင်းက ဆရာ၊ ဆရာမတွေက လမ်းခရီးမှာ နှစ်ပတ်ကြာလာရောက်ထုတ်ယူရတယ်။ နောက်မှာ ကလေးသူငယ်တွေက စာသင်ကြားနိုင်ခြင်းမရှိဘူး၊ခေါင်လန်ဖူးမြို့မှာရှိတဲ့ ကျောင်းတွေမှာ ၂၀၁၈-၁၉ ခုနှစ် စာသင်နှစ်အမီ ခွဲဝေချထားပေးစေချင်တယ်"ဟု ဦးရွှေလေးက ပြောသည်။

ခေါင်လန်ဖူးမြို့နယ် အတွင်းရှိ အလယ်တန်းကျောင်းခွဲများအတွက် လိုအပ်နေသည့်နေရာများကို လာမည့် ပညာသင်နှစ်တွင် ခန့်ထားနိုင်ရန် ကချင်ပြည်နယ် ပညာရေးမှူးရုံးမှ အခြေခံပညာဦးစီးဌာနသို့တင်ပြထားပြီးဖြစ်၍ ခွင့်ပြုမိန့်ရရှိပါက ခန့်ထားသွားမည်ဖြစ်ကြောင်း လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ရှင်းလင်းဖြေကြားခဲ့သည်။

ဆန်လတ်

# စိုက်ပျိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးရန်အဆိုကို လွှတ်တော်က အတည်ပြု

မတ် ၂၉

မိုးကောင်းမြို့နယ်၊ ဆားမော်ကျေးရွာအတွင်းရှိ မြွန်သုံးလုံးကွင်းတွင် စိုက်ပျိုးရေးအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၏ အဆိုတင်သွင်းမှုကို လွှတ်တော်က အတည်ပြုခဲ့သည်။

မိုးကောင်းမြို့နယ်၊ အမှတ် ၂ မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံသည် မတ်လ ၂၈ ရက်တွင်ပြုလုပ်ခဲ့သည့် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာအတွင်းရှိ အမှတ် ၃၈၃ မြေမြန်တပ်ရင်းပေါ်၌ စိုက်ပျိုးရေး အ.ထ.က ကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ပြည်နယ်လွှတ်တော်အစည်းအဝေးဒုတိယနေ့၌ ထိုအဆိုကို လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦးမြသိန်းက ပြန်လည်ဖြေကြားခဲ့သဖြင့် လွှတ်တော်တွင် အဆုံးအဖြတ်ရယူရာ အစည်းအဝေးတက်ရောက်လာသူ ၄၆ ဦးအနက် ၄၂ ဦး ထောက်ခံခဲ့သဖြင့် အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကလေးတွေကို ၈ တန်းအောင်တာနဲ့စိုက်ပျိုးရေးပညာသင်ကြားပေးပြီး ပြုစုပျိုးထောင်ပေးမယ်ဆိုရင် များစွာကောင်းမွန်မယ်လို့ ယုံကြည်မိပါတယ်။ စိုက်ပျိုးရေးကိုအခြေခံထားတဲ့ လူ့စွမ်းအားအရင်းအမြစ်ဟာ အရမ်းကိုအရေးကြီးပါတယ်"ဟု ဒေါ်မြသွေးစံက ပြောသည်။

ကချင်ပြည်နယ်ရှိ လူငယ်အများစုသည် အခြေခံပညာကျောင်းများကို စွန့်လွှတ်ပြီး မူးယစ်ဆေးစွဲသွားခြင်းများ ဖြစ်ပေါ်လာခြင်းကြောင့် အခြေခံကျသည့် စိုက်ပျိုးရေးအထက်တန်းကျောင်းများ လိုအပ်ခြင်းဖြစ်ကြောင်း ရွှေကူမြို့နယ် အမှတ် ၁ မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယုက ပြောသည်။

"လူငယ်များဟာ သူတို့အားထားရတဲ့ပညာရေးကို လိုလားနေကြပါတယ်။ အခြေခံကျတဲ့ စိုက်ပျိုးရေးအထက်တန်းကျောင်းများလည်း လိုအပ်ပါတယ်"ဟု ရွှေကူမြို့နယ် အမှတ်၁မဲဆန္ဒနယ်မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယုက ပြောသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၄ ကျောင်းဖွင့်လှစ်ထားပြီး ထိုကျောင်းများမှ ဒီပလိုမာလက်မှတ်ရရှိထားသူပေါင်း တစ်သောင်းကျော်ရှိသည်ဟု စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ကြီးဦးမြသိန်းက ဒေါ်မြသွေးစံတင်သွင်းခဲ့သည့်အဆိုနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ဆန်လတ်

## Movie View

▶ ယခုအပတ် ဇော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ

ရက်စွဲ - ဧပြီ ၆ မှ မတ် ဧပြီ ၁၂ ရက်ထိ
မြန်မာကား - မွှေချက်ကတော့လွန်လွန်းတယ်
ပွဲချိန် - နေ့လယ် ၁၂း ၅၅ နာရီ၊ ၆ နာရီခွဲ
နိုင်ငံခြားကား - READY PLAYER ONE
ပွဲချိန် - ညနေ ၃ နာရီခွဲ






## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်၊ အထက(၁) နဝမတန်း (A7) တွင်တက်ရောက်နေသော မောင်ကရိုင်လနူး၏ ဖခင်အမည် ဦးကရိုင်ဘောက်တောင်ဟုမှားယွင်း နေသော ကြောင့် ဖခင်အမည်ရင်းမှန်မှာ ဦးကေဘောက်တောင် (၁၃/ လရန (နိုင်) ၀၁၉၆၈၇) ဖြစ်ကြောင်းတရားဝင် အသိပေး ကြေညာ အပ်ပါသည်။

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# မိုးညှင်းမြို့နယ် တရားမဝင်စက်သုံးဆီ ရောင်းချသူများကို ဥပဒေအရ အရေးယူတော့မည်

ဧပြီ ၂

မိုးညှင်းမြို့နယ်အတွင်းရှိ တရားမဝင် စက်သုံးဆီရောင်းချသူများကို မကြာမီအချိန်အတွင်းဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုကကတော့ မီးဘေးအန္တရာယ်ကင်းဝေးစေဖို့ အခုလိုလုပ်ရတာပါ။ ပထမဦးဆုံး အသိပညာပေးအနေနဲ့ ရောင်းချတဲ့သူတွေကိုခေါ်ပြီး ရှင်းပြခဲ့ပြီးပါပြီ။ နောက်တစ်ကြိမ်သွားရောက်စစ်ဆေးလို့ တွေ့ရှိရင် ခံဝန်ကတိလက်မှတ်ရေးထိုးခိုင်းပါမယ်။ အဲဒီနောက်မှာ တရားမဝင်ဆက်လက်ရောင်းချနေရင် တည်ဆဲဥပဒေအရ အရေးယူဖို့ရှိပါတယ်" ဟုမိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲအောင်က ပြောသည်။

ထိုသို့ဆောင်ရွက်မှုသည် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်ကြောင့် ဖြစ်ကြောင်း၊ မိုးညှင်းမြို့နယ်တွင် ကျေးရွာနှင့် ရပ်ကွက်ပေါင်း ၅၀ ရှိပြီး ထိုရပ်ကွက်များတွင် တရားမဝင် ရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင် ၆၀၀ ဆိုင်ရှိသည့်အနက် ၂၅ သာလျှင် တရားဝင်လိုင်စင်ဖြင့် ရောင်းချနေခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မီးဘေးအန္တရာယ်ရှိသော စက်သုံးဆီ သိုလှောင်ရောင်းဝယ်မှုများနှင့်ပတ်သက်၍ မြို့နယ်အတွင်း ဓာတ်ဆီ၊ ဒီဇယ်များ၊ မီနီပန့်ဆိုင်များ၊ ပုလင်းဖြင့်ရောင်းချခြင်း၊ သိုလှောင်ရောင်းချနေခြင်းများ ရှိပါက သတ်မှတ်စည်းကမ်းများနှင့်ညီညွတ်မှုမရှိဘဲ မီးဘေးအန္တရာယ် အလွယ်တကူဖြစ်ပေါ်စေနိုင်ကြောင်း တရားမဝင်စက်သုံးဆီ သိုလှောင်ရောင်းချမှုများအား တည်ဆဲဥပဒေအရ အရေးယူနိုင်ရန် ကချင်ပြည်နယ်အစိုးရက မတ်လ ၂ ရက်တွင် ညွှန်ကြားခဲ့သဖြင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ဖေဖော်ဝါရီလ ၉ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မီးသတ်ဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာအဖွဲ့တွေနဲ့ပူးပေါင်းပြီး ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကနေစပြီး မတ်လ ၂၂ ရက်အထိ မိုးညှင်းခရိုင်အနေနဲ့ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ နောက်ထပ်စစ်ဆေးတွေ့ရှိခဲ့ရင် ဥပဒေအရ အရေးယူပါတော့မယ်လို့ သတိပေး ရှင်းပြထားပါတယ်" ဟု မိုးညှင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတပ်ကြပ်တင်ထွန်းနိုင်က ပြောသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုရာ၌ မိုးညှင်းမြို့တွင် စက်သုံးဆီ အရောင်းဆိုင်ပေါင်း ၆၆ ဆိုင်၊ မိုးကောင်းမြို့တွင် ၁၂၉ ဆိုင်၊ ဖားကန့်မြို့တွင် ၁၃ ဆိုင်တို့ကို တရားဝင်စစ်ဆေး၍ အကြောင်းကြားစာများ ပေးပို့ထားပြီး တရားမဝင်ဆက်လက်ရောင်းချမှုများ ရှိလာမည်ဆိုပါက ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်တွင် ပြဋ္ဌာန်းထားသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေပုဒ်မ- ၁၆၊ ၁၇၊ ၂၄၊ ၃၄ တို့ဖြင့် တရားစွဲအရေးယူသွားမည်ဖြစ်ကြောင်း မိုးညှင်းခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

ထွန်းထွန်း (မိုးညှင်း)

# မိုးညှင်းအရှေ့တောထဲတွင် ထန်းတပင်ရွာသားတစ်ဦး မိုင်းနင်းမိပြီး သေဆုံး

ဧပြီ ၂

မိုးညှင်းမြို့၏ အရှေ့ဘက် ထန်းတပင်ကျေးရွာနှင့် လေးမိုင်ခန့်ကွာဝေးသော ကျောက်ဖြူတောင်ပေါ်သို့ သွားရာတောလမ်း၌ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုမှ ထောင်ထားသောမိုင်းကို တက်နင်းမိသည့် ထန်းတပင်ကျေးရွာသားနှစ်ဦးအနက် တစ်ဦးသေဆုံးသွားကြောင်းသိရသည်။

အဆိုပါ ကျောက်ဖြူတောင်ထိပ်သို့ ဟင်းပြင်းသီးရှာရန် ဒေသခံလေးဦးသွားရောက်ကြခြင်းဖြစ်ကာ တောင်ခြေတွင် ဆိုင်ကယ်များကိုထားခဲ့ပြီး ကိုလှမင်းကရှေ့ဆုံးမှ လမ်းလျှောက်၍ သေဆုံးသူဦးစိုးဝင်းက ဒုတိယ၊ ကိုမင်းဇော်နှင့် ကိုဋ္ဌေးအောင်တို့က ကိုစိုးဝင်းနောက်မှ တန်းစီးလမ်းလျှောက်သွားကြစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါလေးဦးအနက် ဦးစိုးဝင်း( အသက် ၃၆ နှစ်)ဆိုသူတွင် ဘယ်ဘက်ဒူးခေါင်း၊ ဝမ်းဗိုက်နှင့် လည်ဂုတ်တို့တွင် ပေါက်ပြဲဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးပြီး ကိုလှမင်း (၂၃ နှစ်)တွင် ညာဘက်ခြေထောက် ဒူးအောက်ပိုင်းပေါက်ထွက်ဒဏ်ရာ နှစ်ချက်နှင့် ဘယ်ဘက်ခြေထောက်တွင် ပေါက်ပြဲဒဏ်ရာ တစ်ချက်တို့ရရှိခဲ့သဖြင့် မိုးညှင်းပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသခံယူနေရကြောင်းသိရသည်။

"သူတို့ လေးယောက်စလုံး မနက် ၁၀ နာရီကတည်းက ဟင်းပြင်းသီးရှာဖို့ ကျောက်ဖြူတောင်ဘက်ကို ထွက်သွားကြတာ၊ ကျွန်မရဲ့အမျိုးသား ကိုစိုးဝင်းက လူအများသွားလာတဲ့ လမ်းပေါ်မှာ ထောင်ထားတဲ့ မိုင်းကိုတက်နင်းမိတယ်ဆိုပြီး ဖုန်းဝင်လာလို့သိရတယ်"ဟု သေဆုံးခဲ့သူဦးစိုးဝင်း၏ ဇနီး မနှင်းဖြူအေးက ပြောသည်။

အသက် ၃၉ နှစ်ရှိ ကိုမင်းဇော်နှင့် အသက်၃၆နှစ်အရွယ် ကိုဋ္ဌေးအောင်တို့နှစ်ဦးမှာ ထိခိုက်ဒဏ်ရာမရရှိခဲ့ကြကြောင်း သိရသည်။

ယခုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ကျောက်ဖြူတောင်ပေါ်သို့ မည်သည့်ရွာသားမျှ တက်ရောက်ခြင်းမပြုရန် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ တားမြစ်သွားမည်ဟု မိုးညှင်းမြို့မရဲစခန်းမှ ရဲအုပ်သန်းဝေက ပြောသည်။

ထွန်းထွန်း (မိုးညှင်း)



# မိုးညှင်းတွင် ခရိုင်ရဲတပ်ဖွဲ့မှူးမှ မြို့ပေါ်ရွှေဆိုင်များအတွက် လုံခြုံရေးစစ်ဆေး




မိုးညှင်း၊ ဧပြီ ၂

မြစ်ကြီးနားမြို့မှ ဘဏ်နှင့်ရွှေဆိုင်များတွင် လုယက်မှုဖြစ်ပွားနေခြင်းကြောင့် မိုးညှင်းမြို့ပေါ်ရှိ ရွှေဆိုင်များလုံခြုံရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က ဧပြီလ ၂ရက်နေ့တွင် လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

"လုံခြုံရေးအရ အရေးကြုံလာရင် မိုးညှင်းမြို့မရဲစခန်းကို ဖုန်းဆက်နိုင်ဖို့ ရွှေဆိုင်ပိုင်ရှင်များအနေနဲ့ အရေးပေါ်အန္တရာယ်များ တွေ့ကြုံလာရင် လူအများကို အသိပေးနိုင်တဲ့ Bell တွေတပ်ဆင်ထားနိုင်ဖို့အတွက် သွားရောက်သတိပေးဆွေးနွေးထားတာပါ"ဟု မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသောင်းလင်းက ပြောသည်။

မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသောင်းလင်းဦးစီးပြီး ဗန်းမော်ခရိုင်မှူး(?) မြို့နယ်မှူး ဒုရဲမှူးဇော်ဝင်း၊ မြို့မရဲစခန်းနယ်ထိန်းခေါင်းဆောင် ရဲအုပ်သန်းဝေတို့နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မိုးညှင်းမြို့ပေါ် နားခါးမြောက်ရပ်ကွက်ရှိ လပ်ကီးအပေါင်ဆိုင်နှင့် ရွှေဆိုင်၊ ဟိန်းသစ်ဦးရွှေဆိုင်၊ သမာဓိအပေါင်ဆိုင်နှင့် ရွှေဆိုင်များတွင်လည်းကောင်း၊ နားခါးတောင်ရပ်ကွက်ရှိ သမာဓိအာမခံရွှေဆိုင်၊ ဖိုက်စတားရွှေဆိုင်၊ အနောက်ခြမ်းအပေါင်ဆိုင်နှင့်ရွှေဆိုင်၊ အရှေ့ခြမ်းအပေါင်ဆိုင်၊ နမီးစုရပ်ကွက်မှ ရွှေမြင့်မိုရ်အပေါင်ဆိုင်၊အောင်သပြေ (၂)ရပ်ကွက်မှ လပ်ကီးစတားအပေါင်ဆိုင်များသို့ သွားရောက်ပြီး မြစ်ကြီးနားမြို့တွင် ဖြစ်ပွားခဲ့သော လုယက်မှုများကဲ့သို့ မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရန်နှင့် အရေးကြုံလျှင် မိုးညှင်းမြို့မရဲစခန်းအရေးပေါ်ဖုန်း ၁၉၉ သို့ ခေါ်ဆိုအကူအညီတောင်းခံရန် လိုက်လံပြောကြားခဲ့ကြောင်းသိရသည်။

ထွန်းထွန်း(မိုးညှင်း)

# စည်းကမ်းမဲ့စွန့်ပစ်မှုများကြောင့် မြစ်ကြီးနားမြို့ပေါ်မှ အမှိုက်ကန်များကို ဖြုတ်သိမ်း

ဧပြီ ၂

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးကော်မတီက မြို့ပေါ်ရပ်ကွက်အချို့တွင် ထားရှိသည့် အမှိုက်ကန်များကို ရှင်းလင်းဖယ်ရှားလိုက်ပြီး ထိုအမှိုက်ကန်နေရာသို့ လာရောက်စွန့်ပစ်သည့် အမှိုက်များကို လိုက်လံသိမ်းဆည်းတော့မည်မဟုတ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမိထွယ်ဇော်လတ်က ပြောသည်။

အစီအစဉ်ကို ဖျက်သိမ်းလိုက်ရခြင်းမှာ အမှိုက်ပစ်သူများက အမှိုက်များကို ပုံးအတွင်းမထည့်ဘဲ ပုံးနံဘေးတွင် လာရောက်စုပုံ စွန့်ပစ်ကြခြင်း၊ အချိန်အကန့်အသတ်ဖြင့် လာရောက်စွန့်ပစ်ရန် သတ်မှတ်ပေးသော်လည်း သတ်မှတ်ချိန်ပြင်ပတွင် လာရောက်စွန့်ပစ်နေခြင်းတို့ကြောင့် လမ်းမပေါ်တွင် အမှိုက်များပြန့်ကျဲကာ မြို့တော်၏ သန့်ရှင်းသာယာမှုကို ထိခိုက်နေစေသည့် အတွက်ဖြစ်သည်ဟု ကော်မတီဥက္ကဋ္ဌက ရှင်းပြသည်။

"စွန့်ပစ်ချိန်မဟုတ်ဘဲ မိမိအိမ်ထဲမှာရှိသမျှ အမှိုက်တွေကို ကိုယ့်အိမ်မှာအမှိုက်မရှိရင်ပြီးရောဆိုတဲ့ အသိစိတ်နဲ့ ပုံးထဲသေချာ စနစ်တကျမပစ်တဲ့အတွက် ခွေးတွေ၊ နွားတွေနဲ့ ဆိတ်တွေလာပြီး ဖွထားကြတယ်။ ပြီးတော့ ရောင်းလို့ရတာတွေကို ပြန်ရွေးကြတဲ့သူတွေလည်း ရှိကြတော့ အရမ်းအရှုပ်ဆိုးစေတယ်"ဟု ဦးမိထွယ်ဇော်လတ်က ပြောသည်။

ပြည်ထောင်စုလမ်းမနှင့် ထိစပ်နေသည့် ရပ်ကွက်များဖြစ်သော မြို့သစ်ကြီး၊ မြေမြင့်၊ ရန်ကြီးအောင်၊ ယုဇနနှင့် မြို့သစ်ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ပညာပေးဟောပြောဆွေးနွေးပြီး အမှိုက်ပုံးများ ဖြုတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အမှိုက်များကို မနက် ၇ နာရီတွင် တစ်ကြိမ်နှင့် ညနေ ၄ နာရီတွင်တစ်ကြိမ် ကားဖြင့် လိုက်လံသိမ်းဆည်းခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

မြစ်ကြီးနားမြို့ရှိ မြို့ပေါ်ရပ်ကွက် ၂၈ ရက်ကွက်အနက် ၂၅ ရက်ကွက်ကို အမှိုက်သိမ်းယာဉ် ၁၀ စီးဖြင့်သာ နေ့စဉ်လိုက်လံ သိမ်းဆည်းနေရသဖြင့် အချို့ရပ်ကွက်များတွင် တစ်ပတ်လျက် တစ်ကြိမ်ခန့်သာသွားရောက်သိမ်းဆည်းနိုင်ကြောင်း၊ ရပ်ကွက်အားလုံးကို သိမ်းဆည်းနိုင်ရေးအတွက် အမှိုက်သိမ်းယာဉ်နှင့် လုပ်သားအင်အား ထပ်မံဖြည့်တင်းရန် လိုအပ်နေကြောင်းလည်း ၎င်းကပြောသည်။



ပြည်သူများ အမှိုက်များကို စနစ်တကျစွန့်ပစ်စေလို ဓါတ်ပုံ - မွန်းမွန်းပန်

"ကား ၂၅ စီးလောက်ရှိရင်ကတော့ မြို့ပေါ်ရပ်ကွက်အားလုံးအတွက် လုံလောက်ပြီ။ အခုကောက်နေတဲ့ ရပ်ကွက်က အမှိုက်တွေက တစ်ရက်ကို အမှိုက်တန်ချိန် ၁၀၀ လောက်ထွက်နေတာ။ အဲဒါကိုလည်း ၁၀ မိုင် လောက်ဝေးတဲ့နေရာကိုသွားပစ်ရတော့ ရပ်ကွက်အတွင်း ပတ်ဖို့အချိန်လုံလောက်မှုမရှိဘူး"ဟုလည်း ဦးမိထွယ်ဇော်လတ်က ပြောသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် စည်ပင်သာယာအဖွဲ့နှင့်ပူးပေါင်းကာ အမှိုက်များကို သတ်မှတ်ချိန်အတွင်း စနစ်တကျစွန့်ပစ်ပေးစေလိုသည်ဟုလည်း ဦးမိထွယ်ဇော်လတ်ကပြောသည်။

"ပြည်သူတွေအနေနဲ့ ကိုယ့်မြို့၊ ကိုယ့်ဒေသကို တကယ်ချစ်တဲ့စိတ်ရှိရင်တော့ တကယ်လှပတဲ့မြို့ဖြစ်လာမှာပါ။ အမှိုက်စွန့်ပစ်တဲ့ကိစ္စကို စည်ပင်တစ်ခုတည်းလုပ်လို့မရဘူး။ စွန့်ပစ်သူနဲ့ သိမ်းဆည်းသူနှစ်ဦး အတူတကွလုပ်ဆောင်မှုဖြစ်မယ့်အရာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်မြို့ကို ချစ်ကြပါလို့ပြောချင်ပါတယ်"ဟု ၎င်းကဆိုသည်။

စည်ပင်သာယာအဖွဲ့က မြို့တွင်းရှိ အမှိုက်ပုံးများကို ဖယ်ရှားပြီး အများပြည်သူအချိန်မရွေးအမှိုက်ပစ်နိုင်ရန် ဇေရာရပ်ရှင်ရုံရှေ့တွင် အမှိုက်သိမ်းယာဉ် ၃ စီး၊ စီတာပူရပ်ကွက် ဗိုလ်ဇော်ရစ်လမ်းနှင့် မနောင်ကွင်းပတ်လမ်းထောင့်၌ တစ်စီးထားရှိပေးပြီး မြို့တွင်းရပ်ကွက်များတွင် ကားဖြင့် နေ့စဉ်လှည့်လည်သိမ်းဆည်းခြင်း၊ အချို့ရပ်ကွက်များတွင် တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ် သိမ်းဆည်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

မွန်းမွန်းပန်

## KBZ Air Line (Daily)

| Yangon | Mandalay | Myitkyina | Mandalay | Yangon |
|---|---|---|---|---|
| 13:00 | 14:00 | 16:00 | 17:30 | 18:55 |

## Myanmar National Airlines (Daily)

| Myitkyina - Yangon | |
|---|---|
| ထွက်ချိန် | 4:25 |
| ရောက်ချိန် | ------- |

| Myitkyina - Potao | |
|---|---|
| ထွက်ချိန် | 10:00 |
| ရောက်ချိန် | ------- |

| Myitkyina - Banmaw | |
|---|---|
| ထွက်ချိန် | 12:45 |
| ရောက်ချိန် | ------- |


# ဝန်ထမ်းအလိုရှိသည်

**Allianz**
Admin - မ (၁)ဦး
Marketing - ကျား/မ (၁)ဦး
Techmical support - ကျား(၁)ဦး
Office helper - ကျား(၁)ဦး
၀၉ - ၄၄၀၀၀၂၂၇၆

ကျား(၁)ဦး
ဆက်သွယ်ရန်ဖုန်း -
၀၉ ၄၂၀၅၃၇၃၃၂၊
၀၉ ၇၆၇၀၇၅၆၀၆
အသက် ၁၈ နှစ်အထက်ဖြစ်ရမည်။

Dear Wedding Photo Studio
ဝန်ထမ်းအလိုရှိသည်

**Amazing View**
အမျိုးသမီးဝန်ထမ်း အလိုရှိသည်။

**ယူနိုက်တက် ဟိုတယ်**
ဝိတ်တာ
ကျား(၁) ဦး၊ မ(၁)ဦး
Breakfast အကူ မ (၁)ဦး

**မြစ်ဆုံဟိုတယ်**
တရုတ်စကားပြောကျွမ်းကျင်သူ အမျိုးသားယာဉ်မောင်း (၃)ဦး အလိုရှိသည်။
၀၉-၇၇၆၀၂၃၄၅၆ယ
၀၉၇၆၉၀၂၃၄၅၆

**ဟာဝိုင်ယီ အအေးဆိုင်**
စားပွဲထိုး (၂) ဦး
ပန်းကန်ဆေး (၁) ဦး

**ဥမ္မာဇိနပ်ဆိုင်**
အရောင်းစာရေးမ (၁)ဦး

**Grace Beauty Spa**
ဝန်ထမ်း မ (၁) ဦးအလိုရှိသည်။
၀၉-၇၇၃၇၃၆၅၀၀

**Wun Tawp Motel**
ကျား(၁)ဦး၊ မ(၁)ဦး
မှတ်ချက် - လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**Hotel Madira**
Receptionist (1) post
(Fluent in chinese language)
Bartender (1)post
Waiter(F&B) (1)post

**မြေမြင့်အပေါင်ဆိုင်**
စာရေးမ (၁)ဦး

❑ အလုပ်အကိုင်ရှာဖွေနေသူများ၊ မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။


## ဆေးရုံဖုန်းနံပါတ်များ

**(၁) အထွေထွေပြည်သူ့ဆေးရုံကြီး၊**
Ph - 074-22303 (ဆေးရုံအုပ်ကြီး)

**(၂) အေးသုခ**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 23752,/ 23757/ 23758/ 23759/ 20632,
09 793805866, 0979195573

**(၃) မလိခ္ခပ်**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 28298, 074 21802, 074 21113

**(၄) သင်းသုခ**
(အထွေထွေရောဂါကုဆေးရုံ)
အ. ထ. က(၂)ရှေ့၊ ပေါက်ကုန်းရပ်၊ ပန်းမော်မြို့
Ph - 074 50579, 09 47018065

**(၅) မြတ်မွန်အဆင့်မြင့်ဆေးရုံ**
(ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း)
Ph - 074 23257/ 20533/ 21593, 09 24010034, 09 2401035

## Airport Taxi ဖုန်းနံပတ်များ

(၁) ကိုစိုးသိန်း
၀၉ ၄၀၀၀၂၄၃၇၉

(၂) ကိုစိုး
၀၉ ၄၀၀၀၈၃၈၀

(၃) ကိုစိုင်းကို
၀၉ ၄၅၀၅၄၆၂၆၈၆
၀၉ ၇၉၀၄၃၃၇၀၅

(၄) ကိုပြုံးချို
၀၉ ၇၈၄၇၈၇၇၉

(၅) ကိုလွင်ဦး
၀၉ ၅၄၀၄၀၂၉

(၆) ကိုအောင်ဆွေ
၀၉ ၄၄၄၀၃၀၄၉၃

(၇) ကိုလှထွန်း
၀၉ ၂၅၆၄၅၅၂၂၆

# လီဂါပြိုင်ပွဲတွင် မက်ဆီသည် ခြားနားချက်တစ်ခုအဖြစ်ရှိနေကြောင်း အက်သလက်တီကို အသင်းနည်းပြဆီမြွန်နီ ဝန်ခံပြောဆို

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်း၏ နည်းပြဖြစ်သူဆီမြွန်နီက ဘာစီလိုနာအသင်းတွင် မက်ဆီရှိနေခြင်းသည် လာလီဂါပြိုင်ပွဲတွင် ဘာစီလိုနာအသင်းနှင့် ကျန်အသင်းများအကြား ကြီးမားသောခြားနားချက်တစ်ခုဖြစ်နေကြောင်း ဝန်ခံပြောဆိုလိုက်သည်။

ပြီးခဲ့သည့် စပိန်လာလီဂါပွဲစဉ်(၃၀) တွင် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသော ဘာစီလိုနာအသင်းသည် ဆီဗီလာအသင်းနှင့်ပွဲစဉ်တွင် လိဂ်ပြိုင်ပွဲပထမဆုံးရှုံးပွဲတွေ့ရန် အလွန်နီးစပ်သောအခြေအနေအဖြစ် အိမ်ရှင်ဆီဗီးလားအသင်း၏ ၂ ဂိုးပြတ်ဦးဆောင်ခြင်းကို ခံခဲ့ရသော်လည်းလူစားဝင်လာသောမက်ဆီ၏နောက်ကျောဂိုးဖြင့် ၂ ဂိုးစီသရေကျခဲ့သည်။ အဆိုပါပွဲစဉ်တွင် မက်ဆီသည် ပွဲထွက်ကစားသမားစာရင်းတွင် ပါဝင်လာခြင်းမရှိဘဲ ပွဲချိန် ၅၈ မိနစ်တွင်မှ လူစားဝင်လာခဲ့ပြီး ခြေစွမ်းပြဂိုးသွင်းယူခဲ့ခြင်း ဖြစ်သည်။ ဘာစီလိုနာအသင်း၏ ခြေလျော်မှုကို အခွင့်အရေးယူရန် စောင့်မျှော်နေသောအမှတ်ပေးဇယားဒုတိယနေရာမှ အက်သလက်တီကိုအသင်း၏ နည်းပြဆီမြွန်နီက "ဆီဗီးလာနဲ့ဘာစီလိုနာပွဲမှာ ကျွန်တော်တို့အသင်းရဲ့ လိဂ်ပြိုင်ပွဲနဲ့ပတ်သက်တဲ့ မျှော်လင့်ချက်တချို့ရှိခဲ့ပါတယ်။ မက်ဆီသာမရှိရင် ဆီဗီးလားအသင်းက ၂-၀ နဲ့ အနိုင်ရသွားနိုင်ပါတယ်။ အကယ်၍ မက်ဆီသာပွဲစကတည်းကပါခဲ့ရင်လည်း ဘာစီလိုနာအသင်းက ၂-၀ နဲ့ အနိုင်ရမှာပါ။ မက်ဆီက ပြိုင်ပွဲရဲ့ခြားနားချက်တစ်ခုဆိုတာ လက်ခံရမှာပါ" ဟု ဝန်ခံပြောဆိုသွားခဲ့သည်။



# ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန် ကလပ်အသင်းအချို့နှင့် တိုက်စစ်မှူးဘာလိုတယ်လီ ဆွေးနွေးနေကြောင်း အေးဂျင့်ရိုင်အိုလာဖွင့်ဟ

ဥရောပဘောလုံးရပ်ဝန်း၏ နာမည်ကြီးအေးဂျင့်တစ်ဦးဖြစ်သူ ရိုင်အိုလာက သူ၏ကစားသမားတိုက်စစ်မှူး ဘာလိုတယ်လီသည် ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေပြီး ကလပ်အသင်းအချို့နှင့် ဆွေးနွေးပြောဆိုမှုများ ပြုလုပ်နေကြောင်း ဖွင့်ဟပြောဆိုလိုက်သည်။

အီတလီတိုက်စစ်မှူးဘာလိုတယ်လီသည် လက်ရှိအချိန်တွင် ပြင်သစ်လီဂူးဝမ်းကလပ်နိုက်စ်အသင်းတွင်ကစားနေပြီး တစ်ချိန်ကပရီးမီးယားလိဂ်တွင် မန်စီးတီး၊ လီဗာပူးစသောအသင်းများနှင့်အတူ ယှဉ်ပြိုင်ကစားဖူးသည်။ သူ၏အေးဂျင့်ဖြစ်သူ ရိုင်အိုလာက "သူက ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူး ၁၀ ဦးစာရင်းဝင်ပါ၊ သူပရီးမီးယားလိဂ်ကို ပြန်လာဖို့အသင့်ဖြစ်နေပါပြီ၊ အင်္ဂလန်ကလပ်အသင်းအချို့နဲ့ သူစကားပြောနေပါတယ်"ဟု The Mirror သတင်းစာသို့ ဖွင့်ဟပြောဆိုခဲ့သည်။



# ပရီးမီးယားလိဂ်သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့် အသင်းဖော်တိုက်စစ်မှူး လူကာကူအတွက် အလွန်ဝမ်းမြောက်မိကြောင်း နောက်ခံလူလင်ဒီလော့ဖ် ပြောဆို



မန်ယူအသင်း၏ နောက်ခံလူ လင်ဒီလော့ဖ်က ပြီးခဲ့သည့် ဆွမ်းဆီးအသင်းနှင့် ပွဲစဉ်တွင် ပရီးမီးယားလိဂ်သွင်းဂိုး ၁၀၀ ပြည့်မြောက်သွားခဲ့သော အသင်းဖော်တိုက်စစ်မှူး လူကာကူအတွက် အလွန်ပင် ဝမ်းမြောက်ပျော်ရွှင်မိကြောင်း ပြောဆိုလိုက်သည်။

လူကာကူသည် ပြီးခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် ၃၀ ဆွမ်းဆီးအသင်းနှင့်ပွဲစဉ်တွင် ပွဲချိန် (၅) မိနစ်၌ မန်ယူအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ၎င်း၏ ကစားသမားဘဝတစ်လျှောက် ပရီးမီးယားလိဂ်သွင်းဂိုးတွေ အများကြီးသွင်းယူနိုင်တယ်ဆိုတာ တကယ့်ကိုကြီးမားတဲ့ အောင်မြင်မှုပါ။ အလွန်လည်း ပျော်စရာကောင်းပါတယ်။ သူ့အတွက်လည်း အလွန်ဂုဏ်ယူမိပါတယ်" ဟု MUTV သို့ ပြောဆိုခဲ့သည်။

# ဟဲဗီးဝိတ်ချန်ပီယံပေါင်းစည်းပွဲတွင် ဂျိုးဆက်ပါကားအား ဂျိုရှုအာအမှတ်ဖြင့် အနိုင်ယူ

ပြီးခဲ့သည့်မတ်လ (၃၁) ရက်နေ့က ကျင်းပခဲ့သော ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံပေါင်းစည်းလက်ဝှေ့ပွဲတွင် WBA နှင့် IBF ဟဲဗီးဝိတ်ချန်ပီယံပြိုင်ဘက် လက်ဝှေ့သမား အန်တိုနီဂျိုရှုအာက နယူးဇီလန်နိုင်ငံသား ဂျိုးဆက်ပါကားအား အမှတ်ဖြင့်အနိုင်ယူကာ WBO ချန်ပီယံရွှေခါးပတ်ကိုထပ်မံဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါပွဲအပြီးတွင် ဂျိုရှုအာသည် အငြင်းပွားဖွယ်မရှိ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဘွဲ့အတွက် WBC ချန်ပီယံ တေးဝိုင်လ်ဒါအားယှဉ်ပြိုင်ထိုးသတ်ရန် စိန်ခေါ်ခဲ့ပြီး ဂျိုရှုအာ၏ ပွဲစီစဉ်သူ ဘယ်ရီဟန်းကလည်း ဝိုင်လ်ဒါနှင့်ပွဲဖြစ်မြောက်ရန် အမြန်ဆုံးဆွေးနွေးစီစဉ်သွားမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်းလည်း သိရသည်။






# မန်ချက်စတာဒါဘီပွဲစဉ်တွင် မန်ယူအသင်းကို အနိုင်ယူ၍ချန်ပီယံဆုရယူလိုကြောင်း မန်စီးတီးကွင်းလယ်ကစားသမား ဒီဘရိုင်းပြောဆို

မန်စီးတီးအသင်း၏ ကွင်းလယ်ကစားသမားကီဗင်ဒီဘရိုင်းက ယခုတစ်ပတ်စနေနေ့ညတွင်ယှဉ်ပြိုင်ကစားမည့်မန်ချက်စတာဒါဘီပွဲစဉ်တွင် မန်ယူအသင်းအား အနိုင်ယူ၍ ပရီးမီးယားလိဂ်ချန်ပီယံဖြစ်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်စီးတီးအသင်းသည် ယခုနှစ်ရာသီပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်ပွဲများဆက်တိုက်ရယူခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးတွင် ဒုတိယနေရာမှ မန်ယူအသင်းအား ၁၆ မှတ်ဖြတ်ကာ ဦးဆောင်လျက်ရှိသည်။ ထို့ကြောင့်မန်စီးတီးအသင်းသည် ယခုတစ်ပတ်စနေနေ့တွင်ယှဉ်ပြိုင်ကစားမည့် မန်ချက်စတာဒါဘီပွဲစဉ်တွင် မန်ယူအသင်းအနိုင်ရရှိခဲ့ပါက အမှတ်ပေးချန်ပီယံဆုကိုကိုင်မြှောက်ခွင့်ရရှိတော့မည်ဖြစ်သည်။ အဆိုပါပွဲနှင့်ပတ်သက်၍ ကွင်းလယ်ကစားသမားဒီဘရိုင်းက "မန်ယူအသင်းကိုအနိုင်ရပြီး ချန်ပီယံဆုဖလားရယူနိုင်ခဲ့ရင်တော့ ကျွန်တော်တို့အသင်းအတွက် အထူးကိုပျော်စရာကောင်းမှာပါ။ သမိုင်းမှာ အစောဆုံးပရီးမီးယားလိဂ်ချန်ပီယံ အဖြစ်ပါမှတ်တမ်းဝင်ဦးမှာမို့ အထူးခြားဆုံးပါပဲ" ဟု ထုတ်ဖော်ပြောဆိုလိုက်သည်။

ကိုမြင့်(TU)



# ဝိုင်းမော်မြို့နယ်မှ ဒေသခံများက တရုတ်ငှက်ပျောစိုက်ပျိုးရေး ကုမ္ပဏီကို မောင်းထုတ်



မျိုးဆက်ကြယ်ပွင့်ကုမ္ပဏီမှ စိုက်ပျိုးရန် ပြုလုပ်ထားသော ငှက်ပျောခြံ

ဓါတ်ပုံ - မွန်းမွန်းပန်

မတ် ၃၀

မျိုးဆက်ကြယ်ပွင့်ကုမ္ပဏီကဝိုင်းမော်မြို့နယ်၊ ဝါးမုန့်ကြီးတိက်ကျေးရွာတွင် တောင်သူများ၏မြေကို ငှားရမ်းထားခြင်းလည်းမရှိ၊ ခြံရှင်များထံ ခွင့်ပြုချက်လည်းမတောင်းဘဲ ငှက်ပျောစိုက်ပျိုးရန် ဝင်ရောက်လုပ်ကိုင်နေသဖြင့် ဒေသခံတောင်သူများက မတ်လ ၃၀ ရက်တွင် မောင်းထုတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါကုမ္ပဏီက ဒေသခံတောင်သူများ စိုက်ပျိုးထားသော နှစ်ရှည်ပင်များကို ခုတ်ထွင်ရှင်းလင်းကာ ငှက်ပျောပျိုးပင်များပျိုးထားသည်ကို ဒေသခံတောင်သူများက အလိုမရှိသည့်အတွက် မောင်းထုတ်လိုက်ကြခြင်းဖြစ်သည်ဟု သိရသည်။

"ကျွန်မက ခြံလည်းမငှားထားဘဲနဲ့ ဘက်ဖိုးနဲ့လာကုတ်ပြီး ၁၀ နှစ်လောက်ရှိပြီဖြစ်တဲ့ မယ်ဇလီ၊ ယမနေပင်တွေ ၁၀၀ ကျော်စိုက်ထားတာ အားလုံးလာတူးပစ်လိုက်ကြတယ်။ အပင်အတွက် လျော်ကြေးမပေးချင်လည်းနေပါစေ၊ မြေကြီးကိုတော့ ပြန်လိုချင်ပါတယ်။ မြေကြီးမရှိရင်တော့ ထင်းလည်းဘာနဲ့မသုံးဘူး။ ကလေးတွေကျောင်းထားဖို့လည်း မရှိတော့ဘူး။ ထင်းတွေခုတ်ရောင်း၊ အပင်တွေခုတ်ရောင်းပြီး အသက်မွေးတာပါ။ ကုမ္ပဏီကို ထွက်သွားစေချင်တယ်" ဟု အသက် ၆၀ ကျော်အရွယ်ရှိ တောင်သူ ဒေါ်တိန့်ဝမ်ကပြောသည်။

အဆိုပါကုမ္ပဏီ ကျေးရွာအတွင်းသို့ စတင်ဝင်ရောက်လာချိန် ဇန်နဝါရီလ ၇ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် တောင်သူများကိုခေါ်၍ ခြံငှားရမ်းပေးရန် လာရောက်ညှိနှိုင်းသော်လည်း တောင်သူအားလုံးက တရုတ်ငှက်ပျောစိုက်ပျိုးခြင်းသည် ဆိုးကျိုးများရှာဖြစ်နိုင်သည်ဟု အကြောင်းပြကာ သဘောမတူကြောင်း ရွာသား ၁၀၄ ဦးက လက်မှတ်ထိုးကန့်ကွက်ခဲ့ကြသည်ဟု သိရသည်။

ထိုသို့ ဒေသခံများသဘောမတူသော်လည်း ဒေသခံတစ်ဦးဖြစ်သူဦးဖိုင်လိုင်ဘောမ်ဇုန်းဆိုသူက တောင်သူများမငှားနိုင်လျှင် ၎င်း၏ခြံကို ငှားရမ်းမည်ဟု အုပ်ချုပ်ရေးမှူးရုံးတွင် ပြောဆိုခဲ့ပြီး ၎င်း၏မြေဧရိယာမဟုတ်သည့် တခြားသူများ၏မြေတွင် တရုတ်ကုမ္ပဏီက ခုတ်ထွင်ရှင်းလင်းနေကြောင်း တောင်သူ ဦးခေါင်ခေါင်းက ပြောသည်။

"တောင်သူတွေ သဘောမတူကန့်ကွက်နေတဲ့ကြားကနေ ကုမ္ပဏီက အတင်းဝင်ရောက်လာပြီးလုပ်တယ်။ နောက်ပြီး တောင်သူတွေဆီပွဲစားနဲ့ဝင်ပြီး စားကျက်မြေလုပ်မှာ သစ်ပင်တွေမခုတ်ပေးဘူး။ တောင်သူတွေကြိုက်တဲ့အချိန် ခုတ်ယူလို့ရတယ်ဆိုပြီး ဖြားယောင်းတယ်။ လိုက်ငှားတဲ့အချိန်မငှားဘဲထားရင် ကုမ္ပဏီတွေက လိုက်သိမ်းသွားရင် မြေယာတွေ ဆုံးရှုံးသွားလိမ့်မယ်ဆိုပြီး ခြိမ်းခြောက်တာတွေ လုပ်ခဲ့တယ်"ဟု တောင်သူများကိုယ်စား ဦးဖိုင်ခေါင်ကပြောသည်။

ထိုသို့ပြောဆိုမှုများကြောင့် အချို့တောင်သူများက မြေငှားရမ်းခြင်းနှင့် ရောင်းချခြင်းများပြုလုပ်ခဲ့ရာ တောင်သူများထံ ငွေပေးချေပြီးနောက်တွင် ခြံဝန်းအတွင်းစိုက်ပျိုးထားသည့် နှစ်ရှည်ပင်များနှင့် အခြားသီးနှံပင်အားလုံးကို ခုတ်ထွင်ရှင်းလင်းလိုက်သည်ဟုသိရသည်။

"အုပ်ချုပ်ရေးမှူးကလည်း ဘာမှဖြေရှင်းမပေးနိုင်ဘူး။ ဖြေရှင်းပေးခြင်းမရှိသေးသရွေ့ လုပ်ငန်းခွင်မှာ ဘာမှမလုပ်ကိုင်ခွင့်မရဘူးလို့ အုပ်ချုပ်ရေးမှူးရုံးမှာ ဆုံးဖြတ်ချက်ချထားပေးတယ်။ ဒါပေမယ့် တရုတ်တွေက သူတို့လုပ်ချင်သလို နေ့ရောညပါ လုပ်နေတဲ့အတွက် အခုလိုလာပြီး မောင်းထုတ်ရခြင်းဖြစ်ပါတယ်"ဟုလည်း ဦးဖိုင်ခေါင်ကပြောသည်။

အဆိုပါငှက်ပျောစိုက်ခင်းပြုလုပ်မည့်နေရာသည် ရွာနှင့် ၆ ဖာလုံခန့်သာ ကွာဝေးသည့်အတွက် ငှက်ပျောခင်းပြုလုပ်မည်ဆိုပါက ဒေသခံများအတွက် ကျန်းမာရေးပြဿနာနှင့် အခြားလူမှုရေးပြဿနာများလည်း ဝင်ရောက်လာမည်ကို ဒေသခံများက ပူပန်နေကြသည်ဟုလည်း ဆိုသည်။

"အခုကုမ္ပဏီဝင်လာတဲ့အတွက် စိုက်ထားသမျှအားလုံးကို သူတို့ကရှင်းပစ်လိုက်တော့ ထင်းခွေမယ့်နေရာလည်း မရှိတော့ဘူး။ ထင်းတွေဆိုရင်လည်း တစ်မြို့နယ်လုံးက ဒီရွာကပဲယူကြတာ ဟုတ်တယ်။ လျှပ်စစ်မီးက ဘယ်သူမှမသုံးသလောက်ပဲ။ ထင်းနဲ့ပဲသုံးနေကြတာဖြစ်ပါတယ်။ နောက်နှစ်ဆိုရင် ထင်းကလည်းမရှိ၊ ဟင်းသီးဟင်းရွက်ခူးစားမယ့်နေရာလည်းမရှိတော့လို့ အရမ်းခက်ခဲသွားနိုင်တယ်"ဟု ဦးဖိုင်ခေါင်ကပြောသည်။

ငှက်ပျောစိုက်ပျိုးရေးကုမ္ပဏီဝင်ရောက်လာခြင်းနှင့် ပတ်သက်ပြီး တားဆီးပေးရန် ဇန်နဝါရီလလယ်ခန့်က ပြည်နယ်ဝန်ကြီးချုပ်ထံ စာတင်ပြတောင်းဆိုထားသော်လည်း ယနေ့တိုင် ဖြေရှင်းပေးခြင်းမရှိသေးကြောင်း သိရသည်။

မွန်းမွန်းပန်

---

# ဆားမော်တွင် စိုက်ပျိုးရေးအထက်တန်းကျောင်း ဖွင့်လှစ်ရန် အဆိုတင်သွင်းမှုကို လွှတ်တော်က အတည်ပြု

မြစ်ကြီးနား၊ မတ် ၂၉

မိုးကောင်းမြို့နယ်၊ ဆားမော်ကျေးရွာအုပ်စု မြွှန်သုံးလုံးကွင်းတွင် စိုက်ပျိုးရေးအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၏ အဆိုတင်သွင်းမှုကို လွှတ်တော်က အတည်ပြုခဲ့သည်။

မိုးကောင်းမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံက မတ်လ ၂၈ ရက်တွင် ကျင်းပသည့် ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေး၌ တင်သွင်းခဲ့ခြင်းဖြစ်ပြီး ဆားမော်ရွာအနီးရှိ အမှတ် (၃၈၃) မြေမြန်တပ်ရင်းမှ စွန့်လွှတ်ခဲ့သော ဧက ၃၀၀ ကျယ်သည့် မြွှန်သုံးလုံးကွင်း OSS(၄)၊ ဦးပိုင်(၃) မြေနေရာတွင် ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုနှင့်ပတ်သက်၍ အစည်းအဝေးဒုတိယနေ့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦးမြသိန်းက ပြန်လည်ဖြေကြားခဲ့ပြီး အဆိုကိုအတည်ပြုနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆုံးအဖြတ်ရယူသည့်အခါ အစည်းအဝေးတက်ရောက်သူ ၄၆ ဦးအနက် ၄၂ ဦးက ထောက်ခံသဖြင့် လွှတ်တော်က အတည်ပြုခဲ့သည်။

"ကလေးတွေကို ရှစ်တန်းအောင်ပြီးစိုက်ပျိုးရေးပညာကို သင်ကြားဖို့ ပြုစုပျိုးထောင်ပေးရင် များစွာကောင်းမွန်မည်ဟု ယုံကြည်မိပါတယ်။ စိုက်ပျိုးရေးကို အခြေခံထားတဲ့လူ့စွမ်းအားအရင်းအမြစ်ဟာ အရမ်းကို အရေးကြီးပါတယ်"ဟု ဒေါ်မြသွေးစံကပြောသည်။

ကချင်ပြည်နယ်ရှိ လူငယ်များသည် အလယ်တန်းအဆင့်ဖြင့် ကျောင်းပညာကိုစွန့်လွှတ်ကာ မူးယစ်ဆေးဝါးနယ်ပယ်သို့ ရောက်ရှိသွားသူ များပြားလာသဖြင့် ရှစ်တန်းအောင်အဆင့်ဖြင့် တက်ရောက်နိုင်မည့် စိုက်ပျိုးရေးအထက်တန်းကျောင်းက ကျေးလက်နေပြည်သူများကို အထောက်အပံ့ကောင်းတစ်ခုဖြစ်လာနိုင်သည်။

"လူငယ်များဟာ အားထားရတဲ့ပညာရေးကို လိုလားနေကြပါတယ်။ အခြေခံကျတဲ့စိုက်ပျိုးရေးအထက်တန်းကျောင်းတွေလည်း လိုအပ်ပါတယ်"ဟု ရွှေကူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဦးယုက ထောက်ခံဆွေးနွေးသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၄ ကျောင်း ဖွင့်လှစ်ထားရာ ဒီပလိုမာလက်မှတ်ရရှိထားသူစုစုပေါင်း တစ်သောင်းကျော်ရှိသည်ဟု ပြည်နယ်စိုက်/ မွေးမြူရေးဝန်ကြီး ဦးမြသိန်း၏ဖြေဆိုချက်မှ သိရသည်။

ယင်းဒေသသည် စိုက်ပျိုးရေးအထက်တန်းကျောင်းဖွင့်လှစ်ရန် လုံလောက်သည့်မြေနေရာဖြစ်သည့်အပြင် အခြားသောမြို့နယ်များနှင့်လည်း ထိစပ်လျက်ရှိနေခြင်းတို့ကြောင့် ဒေသခံပြည်သူများအတွက် အားထားရသည့်ကျောင်းတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ကြောင်း တနိုင်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ထောက်ခံဆွေးနွေးခဲ့သည်။

ဆန်းလတ်

# ကချင်ပြည်နယ်တွင် ပထမဆုံးအကြိမ် ကျို့ခ်ရှင်းကရာတေးပြိုင်ပွဲ ကျင်းပမည်




ဧပြီ ၃

ကချင်ပြည်နယ်တွင် ပထမဆုံးအကြိမ်အဖြစ် ကျို့(ခ်)ရှင်းကရာတေးပြိုင်ပွဲကြီးကို ဧပြီ ၉ ရက်နေ့တွင် မြစ်ကြီးနားမနောကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် YMCA ကလပ်၊ ဖားကန့်ကလပ်၊ လိုင်ဇာကလပ်၊ မန်ခိန်/ရွှေစက်ကလပ်၊ တပ်ကုန်းကလပ်ဟူသည့် အသင်း ၅ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီဝင် ကိုယိန်းဘောမ် (DA ROCK) က ပြောသည်။

ယှဉ်ပြိုင်မည့် ကလပ်အသင်း ၅ သင်းမှ ပြိုင်ပွဲဝင်ကစားသမား ၄၅ ဦးခန့်ရှိမည်ဖြစ်ကြောင်းသိရပြီး အသက်အရွယ်အလိုက်၊ ကီလိုတန်းများခွဲခြားထားပြီး ၆၀ နှင့် ၇၀ ကီလိုတန်းမှာ အမြင့်ဆုံးဖြစ်ကြောင်း ၎င်းက ပြောသည်။

အသက်အရွယ်အရ ၇ နှစ်မှ ၁၀ နှစ်အထိ တစ်အုပ်စု၊ ၁၀ နှစ်ကနေ ၁၃ နှစ်အထိ တစ်အုပ်စုနှင့် ၁၈ နှစ်အထက်ပြိုင်ပွဲတွင် ခန္ဓာကိုယ်အကာအကွယ်မဝတ်ဘဲ ယှဉ်ပြိုင်မည်ဖြစ်ပြီး ၁၈ နှစ်အောက်ပြိုင်ပွဲတွင် ခန္ဓာကိုယ်အကာအသုံးပြု၍ ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

"အခုကတော့ ကချင်ပြည်နယ်အတွင်းပေါ့။ နောက်ပြီး ဒီပြိုင်ပွဲကနေ လူတွေရွေးပြီး နိုင်ငံအဆင့်ကနေ နိုင်ငံတကာအဆင့်ထိ ပြန်ပြိုင်နိုင်ဖို့အတွက် ရည်ရွယ်တယ်"ဟု ကိုယိန်းဘောမ်ကပြောသည်။

ထို့အပြင် လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးဘက်သို့ စိတ်မရောက်ပဲ အားကစားကို စိတ်ဝင်စားလာစေရေး၊ ဒုစရိုက်မှုများ ပေါ်များလာသည်နှင့်အမျှ မိမိကိုယ်ကိုယ် သိုင်းပညာဖြင့်ကာကွယ်နိုင်ရန် ရည်ရွယ်သည်ဟုလည်း ၎င်းက ထပ်မံပြောဆိုသည်။

ဧပြီလ ၉ ရက်နေ့တွင်ပြုလုပ်မည့် အဆိုပါ ကျို့(ခ်)ရှင်းကရာတေးပြိုင်ပွဲကို နံနက် ၉ နာရီမှ ညနေအထိပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Salai






မြစ်ကြီးနားသတင်း Myitkyina News

SEND MESSAGE

Like Follow Share Save

အထက်ပါ Facebook Page သည်မြစ်ကြီးနားသတင်းဂျာနယ်နှင့် လုံးဝ လုံးဝ သက်ဆိုင်မှုမရှိကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ၎င်း Page နှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်

BRITISH COUNCIL City & Guilds TAC Treasure Academic Center

City & Guilds အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့်
အလုပ်အကိုင်အခွင့်အလမ်းများဟောပြောပွဲ
စိတ်ပါဝင်စားသူများမည်သူမဆို တက်ရောက်နိုင်ပါသည်။

နေ့ရက် - ၇.၄.၂၀၁၈ (စနေနေ့)
အချိန် - နံနက် ၉း၃၀ - ၁၂း၀၀ နာရီ
နေရာ - ရွှေပြည်စံခန်းမ၊ ပြည်ထောင်စုလမ်းမကြီး၊ ယုဇန၊ မြစ်ကြီးနားမြို့။

Treasure Academic Center
အမှတ် ၈၊ တပ်ကုန်းရပ်ကွက်၊ ဂျပန်လမ်းအနီး၊ မြစ်ကြီးနား
09-4113351515 , 09-767616006

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့ပြင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဧနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်



ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ချားဈေး အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# ရန်ကုန်မြို့နဲ့ ကချင်လူငယ်များ

**ခေတ်ရေစီးကြောင်းနဲ့နိုင်ငံရေးအရကချင်လူငယ်အများအပြားဟာရန်ကုန်မြို့ကိုသွားရောက်ပြီးအလုပ်လုပ်ကိုင်လာကြတာဆယ်စုနှစ်၂ခု ကျော်လာပါပြီ။ တချို့သောသူတွေရဲ့ မိဘတွေက ကိုယ်ပိုင်အိမ်တွေဝယ်ထားပေးပြီး နေစရာစားစရာ အဆင်သင့်နဲ့ ထားရှိပေးနိုင်တာကြောင့် ရန်ကုန်သူ/သားတွေလိုရည်မှန်းချက်ကိုလွယ်လင့်တကူဖော်ဆောင်နိုင်ကြပေမယ့်တချို့သူတွေကတော့ရန်ကုန်မြို့အတွင်းမှာဆွေမျိုးသားချင်း သာမက နေထိုင်စရာ အိမ်/အခန်း မရှိတာကြောင့် သူညာဘဝကစရမယ့် ကချင်လူငယ်တွေအတွက် ရန်ကုန်မြို့ဟာ စင်မြေပြင်တစ်ခုသဖွယ်ဖြစ် နေပါတယ်။ ဒါပေမယ့် တစ်ချို့သောကချင်တိုင်းရင်းသားတွေကတော့ ရန်ကုန်မြို့ကနေတဆင့် မလေးရှားနိုင်ငံအပြင်တခြားသော အနောက်နိုင်ငံတွေကိုလည်းသွားရောက်အလုပ်လုပ်ကိုင်ကြတာရှိပါတယ်။ ဘဝအတွက်ရည်မှန်းချက်ထားပြီးရန်ကုန်မြို့မှာ သွားရောက်ရုန်းကန် နေကြရတဲ့ ကချင်တိုင်းရင်းသားတွေ ကြုံတွေ့နေရတဲ့အခက်အခဲတွေနဲ့ အောင်မြင်မှုရရှိဖို့ ကြိုးစားနေရပုံတွေကို မြစ်ကြီးနားသတင်းဂျာနယ် တပတ်ပရိသတ်ကြီးအတွက် ဖော်ပြပေးလိုက်ပါတယ်။**

Mwihpu Sam



**Tu Nan Zing hang**
**zumba နှင့် Yoga ဆရာ စွန်ဦးတီထွင်သူလူငယ်**

ရန်ကုန်မြို့ကို ကျွန်တော် ၈ တန်းတက်မယ့်အရွယ် ၂၀၀၈ ခုနှစ်မှာ ရောက်ခဲ့တာပါ။ ပြီးတော့ ငွေရေးကြေးရေး အခက်အခဲကြောင့် မြစ်ကြီးနားကို ပြန်သွားလိုက်ရတယ်။ ဒါပေမယ့် ရန်ကုန်မြို့မှာ ပညာရေးအခွင့်အလမ်းပေါ်များတယ်ဆိုတာ သိလိုက်ရတော့ တစ်နေ့ပြန်လာရမယ်ဆိုပြီး သန္နိဋ္ဌာန်ချ ခဲ့တယ်။ ၂၀၁၆ နှစ်ဆန်းပိုင်းမှာ ရန်ကုန်မြို့ကို တစ်ယောက်တည်း အပြီးပြောင်းရွှေ့ခဲ့တယ်။ မိဘနဲ့ဝေးရာအရပ်မှာ ဆွေမရှိ မျိုးမရှိဖြစ်နေတဲ့အချိန် အရင်ဆုံးရင်ဆိုင်ရတာတော့ စားဝတ်နေရေးပြဿနာပါ။ အိမ်ကလည်း အတိုင်းတာတစ်ခုလောက်ပဲ ပံ့ပိုးနိုင်တာဆိုတော့ ရပ်တည်နိုင်အောင် စပြီးကြံဖန်ရတယ်။ ပိုက်ဆံပြတ်ပြီး ထမင်းငတ်ပေါင်းလည်း အကြိမ်ရေ မနည်းကြုံရတယ်။ နေစရာမရှိ homeless (လမ်းပေါ်ရောက်) ပေါင်း ငါးကြိမ်ထက်မနည်း ကြုံခဲ့ရတယ်။

နောက်တော့ မန္တလေးမှာတက်နေတဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ကို ဆက်တက်ဖို့ မိဘတွေက ဆက်မထောက်ပံ့နိုင်တော့ ကျောင်းထွက်လိုက်ပြီး အားကစား နည်းပြဆရာ ( Yoga, Zumba) လုပ်ပြီး ရန်ကုန်မှာ ရပ်တည်ခဲ့တယ်။ ဒီလိုနဲ့ ကိုယ်ဝါသနာပါတဲ့ Business major ကို scholarship ရှာပြီး အခုလည်း အလုပ်တစ်ဖက်နဲ့ ကျောင်းတက်နေပါတယ်။ ကြားထဲမှာ startup business နှစ်ခုလည်း လုပ်တယ်။ www.beyondboundariesyogacom နဲ့ www.canvaswor.com မှာ ကိုယ်ပိုင်အသေးစားလုပ်ငန်းလုပ်နေပါတယ်။ ကိုယ့်ဒူးကိုယ်ချွန်ပြီး သူညာကနေ စခဲ့ရတာပါ။ လူငယ်တွေအနေနဲ့ အရင်ဦးဆုံး ကိုယ်ဘာလုပ်ချင်တယ်၊ ဘာဖြစ်ချင်တယ်ဆိုတာကို တိတိကျကျဆုံးဖြတ်ပါ။ ပြီးရင် ချရေးပါ။ ကိုယ်သွားချင်တဲ့ ပန်းတိုင်ကို ဘယ်လိုသွားရမယ်ဆိုတာ စဉ်းစားပါ။ planတွေချပါ။ တစ်ခုအလုပ်မဖြစ်ရင် နောက်တစ်ခု backup plan ချထားပါ။ ကိုယ်သွားမယ့်လမ်း ဘယ်လိုဆိုတာမသိရင် အရင်သွားဖူးတဲ့သူတွေ၊ အတွေ့အကြုံရှိတဲ့သူတွေကိုမေးပြီးကိုယ်နဲ့သင့်တော်တာကို လုပ်ယူပါလို့ အကြံပြုချင်တယ်။ လူငယ်တွေအနေနဲ့ ရန်ကုန်မြို့မှာ အလုပ်လုပ်ဖို့ဖြစ်ဖြစ်၊ ပညာသင်ယူဖို့ဖြစ်ဖြစ် ရောက်လာပြီဆိုရင် ဇွဲရှိဖို့လိုတယ်။ အခက်အခဲဆိုတာ အချိန်အကန့်အသတ်နဲ့ပဲပေါ်တာပါ။ မဆုတ်မနစ်ကြိုး စားပြီး ကျော်လွှားနိုင်ရင် ပန်းတိုင်ရောက်မှာပါ။ ရန်ကုန်မြို့မှာ ရပ်တည်နိုင်ပြီဆိုရင်ကမ္ဘာ့နိုင်ငံတွေရဲ့ ဘယ်မြို့မှာမဆို ရပ်တည်ဖို့နည်းလမ်းကို သိသွားပါလိမ့်မယ်။ ကြိုးစားဖို့ဆန္ဒရှိတဲ့ ကချင်လူငယ်တွေအနေနဲ့ ရန်ကုန်မြို့ကို ရောက်လာလို့ လိုအပ်တယ်ဆိုရင် ကျွန်တော်တတ်နိုင်သလောက်လမ်းပြကူညီပေးဖို့ အသင့်ရှိနေပါတယ်။



**Hpa Sunday Aung**
**(Mytel ဆက်သွယ်ရေးကုမ္ပဏီ၏ အရောင်းတာဝန်ခံ )**

ကျွန်တော်က ရန်ကုန်ကို ၂၀၀၈ ခုနှစ်မှာ စရောက်လာတာပါ။ ရောက်လာခါစက ရန်ကုန်မြို့မှာ မိဘဆွေမျိုးတွေမရှိတဲ့အတွက် သူငယ်ချင်း တွေနဲ့ အဆောင်နေတယ်။ ကြုံသလိုစားတယ်။ အစ်မထောက်ပံ့တဲ့ငွေနဲ့ သင်တန်းတက်တယ်။ ရောက်ခါစကဆိုရင်အလုပ်ပဲရှားတာလား၊ ကျွန်တော် ကိုယ်တိုင်ပဲ မသိတာကြောင့်လားမသိဘူး။ ကျွန်တော်ကတော့ သင်တန်းတက်နေရင်းနဲ့ပဲ သမိုင်းမှာနေ့စားခ ၃၀၀၀ ရတဲ့ အလုပ်ကို ၈ လလောက် လုပ်ခဲ့ရတယ်။ နောက်ပြီး ဖြူစင်မေတ္တာဆိုတဲ့တိုင်းရင်းဆေးတိုက်မှာ ၃ နှစ်နီးပါးလုပ်ခဲ့တယ်။ အခက်အခဲတွေကတော့ ပြောလို့မကုန်အောင် များပြားလှပါတယ်။ တစ်ချို့လူတွေရဲ့ လူမျိုးရေးခွဲခြားပြီး နှိမ့်ချဆက်ဆံတာခံခဲ့ရတယ်။ ဒါပေမယ့် ကျွန်တော်က တိုးတက်ရမယ်၊ ကျွန်တော့်ရည်မှန်းချက် ပြည့်ဝရမယ်ဆိုတဲ့စိတ်တစ်ခုနဲ့ ကိုယ်လုပ်နေတဲ့အလုပ်အပေါ်မှာ အကောင်းဆုံးလုပ်ဆောင်ခဲ့ပါတယ်။

ဒါကြောင့်လည်းထက်ရောဆိုတဲ့ကုမ္ပဏီမှာအလုပ်ပြန်ဝင်ခဲ့တယ်။ နောက်တော့ Ooredoo ကုမ္ပဏီကိုပြန်ပြောင်းပြီး အလုပ်ဝင်ပြန်တယ်။ ကျွန်တော် အကောင်းဆုံးကြိုးစားခဲ့ပေမယ့် အတွေ့အကြုံမရှိဘူးဆိုပြီး ရာထူးကမတိုးပေးဘူး။ လစာကတော့ နယ်ထွက်ရတာနဲ့ ဘာနဲ့ဆိုတော့ အဆင်ပြေတယ်။ ဆိုလိုချင်တာက ကျွန - ်တော် Ooredoo မှာ ၃ နှစ်နီးပါးလုပ်ပြီး အခြားကုမ္ပဏီဖြစ်တဲ့ Two bird manufacturing company မှာ ဝင်လုပ်ခဲ့တာက လစာနည်းလို့ ကုမ္ပဏီပြောင်းတာမဟုတ်ဘူးလို့ ဆိုလိုချင်တာ။ Two birdမှာ ၁ နှစ်ခွဲလောက်အလုပ်လုပ်နေရင်း ကျွန်တော့်အတွက် တန်ဖိုးဖြတ်လို့မရတဲ့ အတွေ့အကြုံကတော့ ရန်ကုန်မြို့ဧရိယာတစ်ခုလုံးကို cover လုပ်ခဲ့ရတာပဲ။ အခုလက်ရှိမှာတော့ နိုင်ငံခြားကုမ္ပဏီဖြစ်တဲ့ Mytel မှာ pos supervisor လုပ်နေပါပြီ။ အလုပ်ကို ကောင်းကောင်းမွန်မွန်လုပ်နေတယ်ဆိုတာ ကြားရတဲ့ Ooredoo က ဆရာက ကျွန်တော့်ကို Mytel မှာ လုပ်ဖို့ လှမ်းခေါ်လို့ပါ။ လက်ရှိအနေအထားကတော့ ကျွန်တော့်ကြိုးစားမှုနဲ့ထိုက်တန်တဲ့ နေရာတစ်ခုကိုရတယ်လို့ပဲ ပြောရမှာပေါ့။ တော်တော်များများသော ကချင်လူငယ်တွေက ရန်ကုန်လာပြီး လစာနည်းတဲ့အလုပ်ကို မလုပ်ချင်ကြဘူး။ (ဥပမာ ကျောက်စိမ်းပဲ လုပ်ချင်ကြတာမျိုး။ နောက်ပြီးတော့ သူများနှိမ်တာကို မကြိုက်ကြဘူး။ မှန်တယ်သူများနှိမ်တာကို မကြိုက်ရင် ကိုယ်တိုင်က သူများတွေနှိမ်လို့ရတဲ့အဆင့်မှာ ရှိမနေဖို့အရေးကြီးတယ်။ ဒီလိုမျိုးဖြစ်ဖို့ ကျွန်တော်တို့တွေ သည်းခံသင့်ရင် သည်းခံရမယ်။ အဓိကက ကိုယ်လိုချင်တဲ့ပန်းတိုင်ရောက်ဖို့ ကြိုးစားရမယ်။ ကျွန်တော်က ရန်ကုန်မြို့ကိုအထင်ကြီးတာ မဟုတ်ဘူး။ ဒါပေမယ့် နိုင်ငံခြားကုမ္ပဏီတွေ ကုမ္ပဏီကြီးတွေက ရန်ကုန်မြို့မှာ ပိုများတယ်။ အဲဒီအထဲမှာ အလုပ်ဝင်ပြီး ပညာရအောင်ယူကြပါ။ အလုပ်လုပ်တဲ့ အထဲမှာ မိမိဘာအလုပ်လုပ်ပဲ လုပ်နေလုပ်နေအကောင်းဆုံးကြိုးစားကြပါ။ ကိုယ်လိုချင်တဲ့ပညာရပ်နဲ့ အနေအထားတစ်ခုရောက်လာရင် ကိုယ့်ပြည်နယ်ကိုပြန်ပြီးတော့ ကောင်းကျိုးပြုဖို့ ပြန်လာကြပါလို့ပဲ အကြံပေးပါရစေ။



**Hpaw yaw Yawng Ku**
**(Development Assoicates International မှ လုပ်ငန်းခွင်သာသနာရဲ့ ဒါရိုက်တာ)**

ကျွန်တော်က ရန်ကုန်မြို့မှာ ၂၀၀၆ ခုနှစ်ကစပြီး ရောက်လာခဲ့တာပါ။ ရန်ကုန်စရောက်တုန်းကတော့ အခက်အခဲတွေမျိုးစုံကြုံခဲ့ရပါတယ်။ နေရာဒေသအသစ်မှာ ဆိုတော့ အစစအရာရာစူးစမ်းလေ့လာရတယ်။ အစပိုင်းမှာတော်တော်ကိုခက်ခဲခဲ့ပါတယ်။ ဒါပေမယ့်တတ်နိုင်တဲ့ဘက်ကနေ ဝိုင်းဝန်းဖေးမခဲ့ကြတဲ့မိတ်ဆွေတွေ၊ သူငယ်ချင်းတွေရှိခဲ့လို့လည်း အကူအညီတွေ ရရှိခဲ့ပါတယ်။ နောက်တော့ ကျွန်တော် မလေးရှားနိုင်ငံကို AutoCad ဆွဲတဲ့အလုပ်နဲ့ သွားရောက်လုပ်ကိုင်ခဲ့ပြီး ၂၀၁၃ မှာ မြန်မာပြည်ကို အပြီးပြန်ရောက်လာခဲ့ပါတယ်။ မလေးရှားမှာ Auto Cad Designဆွဲတဲ့အလုပ်အပြင် တခြားခေါင်းဆောင်မှုဆိုင်ရာသင်တန်းတွေလည်း တက်ရောက်ဖြစ်တယ်။ ပြီးတော့မြန်မာအသိုင်းအဝိုင်းမှာလည်း လူငယ်တွေကို တတ်နိုင်တဲ့ဘက်ကနေ ခေါင်းဆောင်မှုသင်တန်းလေးတွေ ပေးဖြစ်ခဲ့ပါတယ်။ အဲဒီချိန်ကနေစပြီး လူငယ်တွေကိုပြုစုပျိုးထောင်ဖို့ အရမ်းအရေးကြီးမှန်းပိုပိုသိလာတယ်။ အခုတော့ ကျွန်တော် DIA (Development Assoicates International) မှာ Director of Marketplace Ministry အနေနဲ့ အလုပ်လုပ်ကိုင်နေပါတယ်။ ကျနော်တို့လို ကချင်ပြည်နယ်ကနေ ရန်ကုန်မြို့ကို လာရောက်အလုပ်လုပ်ကိုင်မယ့် ကချင်လူငယ်တွေကို အဓိကအားပေးချင်တာကတော့ ကိုယ်ဘာဖြစ်ချင်တာလဲဆိုတဲ့အရာ "ရည်မှန်းချက်"ကို သေချာသိထားစေချင်ပါတယ်။ ပြီးတော့ သင်ယူလိုစိတ်ကို အမြဲအပြည့်ထားပါ။ လူမှုပေါင်း သင်းဆက်ဆံရေးပိုင်းကိုလည်း ကောင်းသထက်ကောင်းအောင် လုပ်ဆောင်ပါလို့ ပြောချင်ပါတယ်။



**N-nye Myo Htoi Aung**
**Imagine Jazz Band တီးဝိုင်း**

ကျွန်တော်က ရန်ကုန်ကို ၂၀၀၈ ခုနှစ်မှာပထမဆုံးရောက်လာခဲ့တာပါ။ အဲဒီတုန်းက နေစရာအခက်အခဲရှိခဲ့တယ်။ မိတ်ဆွေတွေရဲ့အိမ်မှာ ကပ်နေရတယ်။ ဝင်ငွေ မရှိဘူးဆိုတော့ အစားအသောက်ဆင်းရဲတယ်။ ဒါပေမယ့် မိတ်ဆွေကောင်းတွေနဲ့ တွေ့ခဲ့ရပါတယ်။ နောက်တော့ ကျွန်တော်က အနုပညာကို ဝါသနာပါတာဆိုတော့ ၂၀၀၉ ခုနှစ်မှာ ဂီတမိတ်ကျောင်းတက်ပြီး သင်တန်းတက်ခဲ့တယ်။ နောက်တော့ ၂၀၁၁ မှာ အဲဒီဂီတမိတ် (Gitameit) မှာပဲ ဆရာအဖြစ်လုပ်ခဲ့တယ်။ ဒီလိုနဲ့ပဲ အနုပညာ မိတ်ဆွေတွေ ရရှိလာတယ်ပေါ့ဗျာ။ လက်ရှိမှာတော့ ကျွန်တော်က Imagine Jazzband တစ်ခုကို လုပ်ထားတယ်။ Jazz Music ကိုပဲ အဓိကတီးတယ်။ Show တွေမှာတီးတယ်။ music နဲ့ပတ်သက်တဲ့ သင်တန်းအချို့ပေးဖြစ်တယ်။ နောက်ပြီး Every Nation Church Yangon(ENCY)မှာ part time staff အနေနဲ့ အမှုဆောင်လုပ်တယ်။ Kidchurch မှာ ဆရာအဖြစ်ပါဝင်တယ်။ အဓိကကတော့ ကိုယ်ဖြစ်ချင်တဲ့အရာကို ဇွဲမလျှော့ဘဲလုပ်ပါ။ အလုပ်အပေါ်မှာစည်းကမ်းတကျနဲ့လုပ်ပါ။ ဘယ်တော့မှ ကိုယ်ဟာ ပြည့်စုံတယ်လို့မယူဆပါနဲ့။ အမြဲတမ်းသင်ယူနေပါလို့ ကချင်လူငယ်တွေကို အကြံပြုချင်ပါတယ်။

## သင်္ကြန်ကာလအတွင်း မြစ်ကြီးနားသတင်းဂျာနယ် ခေတ္တရပ်နားမည်

သင်္ကြန်ကာလအတွင်း မြစ်ကြီးနားသတင်းဂျာနယ် ခေတ္တရပ်နား၍ လူမှုကွန်ရက်တွင် သတင်းများ နေ့စဉ်တင် ပေးမည် -

မြစ်ကြီးနားသတင်းဂျာနယ်ကို သင်္ကြန်ကာလအတွင်း ခေတ္တရပ်နားကာ ဧပြီလ ၂၇ ရက်တွင် ပြန်လည် ထုတ်ဝေပါမည်။ စာစောင်ထုတ်ဝေမှု ရပ်နားထားစဉ်ကာလအတွင်း ရရှိသော ခိုင်လုံတိကျသည့် ကချင်ပြည်နယ် သတင်းများကို WEBSITE, FACEBOOK, YOUTUBE, VIBER,WECHAT လူမှုကွန်ရက်စာမျက်နှာများမှတဆင့် တင်ပြသွားမည်ဖြစ် ပါသဖြင့် စောင့်မျှော်ဖတ်ရှု နိုင်ပါရန် စာဖတ်ပရိသတ်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

စာဖတ်ပရိသတ်အပေါင်း သင်္ကြန်ကာလတွင် ဘေးရန်ကင်းစွာ ပျော်ရွှင်နိုင်ကြပြီးလျင် မြန်မာတို့၏ နှစ်သစ်အခါသမယသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ကူးပြောင်းနိုင်ကြပါစေကြောင်း မြစ်ကြီးနားဂျာနယ်မိသားစုက သင်္ကြန်အကြို မေတ္တာရေ သွန်းလောင်းလိုက်ပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်ဝိုင်းတော်သားများ

www.myitkyinanewsjournal.com

http://www.facebook.com/myitkyinanewsjournal.mm

Myitkyina News Journal

myitkyinanewsjournal

ID-MyitkyinaNewsJournal / Name-Myitkyina News Journal